ချဉ်ဖန်ကိန်း ရလဒ်အနေဖြင့် ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့်နေရာ-၆ (SW-6) မှရလဒ်သည် ရည်မှန်းထားသော တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ သို့သော်လည်း ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) ရှိ ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ရေထိန်းကန်အတွင်း အချိန်ကြာမြင့်စွာ ရေများစီးဆင်းလည်ပတ်မှုမရှိခြင်း နှင့် ဆောင်းရာသီတွင် နေရောင်ခြည်အများအပြားကျရောက်ပြီး ရေကိုပိုမိုပူနွေးစေသောကြောင့် ရေညှိများပိုမိုများပြားလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့နည်းမှုဖြစ်ပွားပြီး ချဉ်ဖန်ကိန်း ရလဒ်အဆင့်ကို မြင့်မားစေပါသည်။ ထို့အပြင် ရေထဲတွင် အများဆုံးတွေ့ရသော ဘိုင်ကာဗွန်နိတ်နှင့် ကာဗွန်နိတ်တို့သည် အနုတ်လက္ခဏာဆောင်သော အမ



Myanmar Japan Thilawa Development Limited MJTD

အိုင်းယွန်း (anion) များဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဟိုက်ဒရိုက်အိုင်းယွန်းနှင့် အမ အိုင်းယွန်း များကြားရှိ အပြန်အလှန်ဓာတုဓာတ်ပြုမှုများသည် အယ်ကာလီဓာတ်ကြားခံကို ဖြစ်ပေါ်စေပြီး ချဉ်ဖန်ကိန်းတန်ဖိုးကို တိုးမြင့်စေနိုင်ပါသည်။ ယခုလက်ရှိအခြေအနေတွင် ရေနေသတ္တဝါများ အသက်ရှင် နေသေးသောကြောင့် ချဉ်ဖန်ကိန်းရလဒ်အဆင့် မြင့်မားမှုသည် ရေထိန်းကန်တွင်ရှိသော ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

ကိုလီဖောင်း စုစုပေါင်း ရလဒ်အနေဖြင့် ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့်နေရာ-၆ (SW-6) မှရလဒ်သည် ရည်မှန်းထားသော တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် စက်ရုံတစ်ရုံချင်းစီမှ စွန့်ထုတ်ရေများအား ပင်မစွန့်ထုတ်ရေ သန့်စင်စက်ရုံမှ ကောင်းမွန်စွာ သန့်စင်ထားသည်ဟု ဆိုလိုနိုင်ပါသည်။ အခြားတစ်ဖက်တွင် စောင့်ကြည့်လေ့လာသော နေရာများဖြစ်သည့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) တွင် ရလဒ်များမှာ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်ချေ အလားအလာရှိသည့် အကြောင်းရင်းများမှာ ၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ ၂) ပတ်ဝန်းကျင်မှအညစ်အကြေးများသည် ရေထိန်းကန် နှင့် ရေထိန်းတူးမြောင်းထဲသို့စီးဝင်စေပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်း စုစုပေါင်း၏ ဖြစ်တည်မှုတွင် သဘာဝအလျောက် ဘက်တီးရီးယားများ ပါဝင်ပြီး ကိုလီဖောင်း စုစုပေါင်းသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှု မရှိသော်ငြားလည်း ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားထဲမှ ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိ/မရှိသိစေရန် တစ်နည်းအားဖြင့် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားတစ်မျိုး (E Coli) အား ဓာတ်ခွဲစမ်းသပ် လေ့လာခဲ့ပါသည်။ ဤဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli) ရလဒ်အရ တန်ဖိုးများအားလုံးသည် ရည်မှန်းတန်ဖိုးများအောက် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) တို့၏ စောင့်ကြည့်လေ့လာသောနေရာများတွင် ကိုလီဖောင်းစုစုပေါင်းသည် ရည်မှန်းတန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။



Japan Thilawa Development Myanmar Limited
MJTD

## ဇယား ၂.၅-၁ ရေထွက်ပေါက်နှင့်ရေထိန်းဂိတ်အားလုံး၏ ရေထုအရည်အသွေး စောင့်ကြည့်လေ့လာမှု ရလဒ်များ

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အချိုးအစား (parameters) | ယူနစ် | မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) | မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) | မြေပေါ်ရေနမူနာယူသည့် နေရာ-၆ (SW-6) | ရည်မှန်းတန်ဖိုး (ကိုယ်တိုင်စောင့်ကြည့်လေ့လာခြင်း အတွက် ရည်ညွှန်းတန်ဖိုး) |
|---|---|---|---|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | °C | ၂၇ | ၂၇ | ၂၇ | ≤ ၃၅ |
| ၂ | ချဉ်ဖန်ကိန်း (pH) | - | ၉.၆ | ၉.၀ | ၆.၁ | ၆ - ၉ |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | mg/l | ၁၀.၁၀ | ၇.၅၁ | ၇.၁၉ | - |
| ၄ | ဆိုင်းကြွအနယ် (suspended solid) | mg/l | ၂၂ | ၁၂ | ၂ | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | mg/l | ၅.၃၁ | ၁၅.၁၈ | ၃.၆၈ | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | mg/l | ၃၀.၁ | ၁၉.၆ | ၇.၉ | ၁၂၅ |
| ၇ | နိုက်ထရိဂျင်စုစုပေါင်း (Total Nitrogen) | mg/l | ၆.၉ | ၁.၀ | ၁၆.၂ | ၈၀ |
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | mg/l | ၀.၅၄ | ၀.၁၀ | ၀.၉၁ | ၂ |
| ၉ | အရောင် (Color) | TCU (True Color Unit) | ၁၀.၄၄ | ၈.၅၅ | ၄.၇၁ | ၁၅၀ |
| ၁၀ | အနံ့ (Odor) | TON (Threshold Odor Number) | ၂ | ၁ | ၁ | - |
| ၁၁ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | > ၁၆၀၀၀၀ | ၅၄၀၀၀.၀ | < ၁.၈ | ၄၀၀ |
| ၁၂ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | < ၃.၁ | < ၃.၁ | ၁၀ |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၄၆၈ | ၁၈၂ | ၅၄၆ | ၂၀၀၀ |
| ၁၄ | သံဓာတ် (Iron) | mg/l | ၀.၇၄၄ | ၀.၈၃၂ | ၀.၀၁၈ | ၃.၅ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ၀.၀၀၅ |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) | MPN/100ml (SW) | < ၁.၈ | ၆.၈ | - | (၁၀၀၀)* (CFU/၁၀၀ml) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | ၁၁.၀၇ | - | ၀.၀၂ | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။

*မှတ်ချက်။ စွန့်ထုတ်ရေများစွန့်ထုတ်လိုက်သောချောင်း၏ အသုံးပြုမှုပေါ်မူတည်၍ ဂျပန်နိုင်ငံ၏ ချိုးရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)ကို ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E.coli)၏ ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်နိုင်မှု ကန့်သတ်ချက်များကြောင့် စီအက်ဖ်ယူတန်ဖိုး "Colony Forming Unit (CFU)" အား တိုင်းတာ၍မရပါ။ ထို့ကြောင့် အမ်ပီအန် "Most Probable Number (MPN)" ရလဒ်များကို စီအက်ဖ်ယူတန်ဖိုးနှင့် တူညီသည်ဟုယူဆပြီး ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ပါသည်။ မြန်မာနိုင်ငံတွင် စီအက်ဖ်ယူတန်ဖိုးကို သုံးသပ်နိုင်သည်နှင့် တစ်ပြိုင်နက် သုံးသပ်သည့်နည်းလမ်းများ ပြောင်းလဲမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ချိုးရေ ရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)အရ ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. coli) တန်ဖိုး ၁၀၀၀ CFU/၁၀၀ ml ထက်ကျော်လွန်နေသည်မှာ ချိုးရေအဖြစ်သုံးရန် မသင့်တော်ဟုယူဆပါသည်။

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

Myanmar Japan Thilawa Development Limited MJTD

## ၂.၅.၂ စောင့်ကြည့်လေ့လာသည့် ရည်ညွှန်းအမှတ်များ နှင့် ရေတွင်း ၏ ရေအရည်အသွေးရလဒ်များ

ရည်ညွှန်းအမှတ်များ နှင့် ရည်ညွှန်းရေတွင်းတို့၌ စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေး ရလဒ်များကို ဇယား ၂.၅-၂ နှင့် ဇယား ၂.၅-၃ တို့တွင် ဖော်ပြထားပါသည်။ ရည်မှန်းတန်ဖိုး နှင့် နှိုင်းယှဉ်ရာတွင် ဆိုင်းကြွေအနယ်များ၊ ကိုလီဖောင်းစုစုပေါင်း နှင့် သံဓာတ် တို့မှာ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။

**<u>စောင့်ကြည့်လေ့လာသည့်ရည်ညွှန်းအမှတ်များ၏ရေအရည်အသွေးရလဒ်များ(စွန့်ထုတ်ရေရောက်ရှိသောချောင်း)</u>**

ဆိုင်းကြွေအနည် ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သော ရေများကြောင့်လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်းနှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ ၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်း တလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သော အညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ သဘာဝ သံဓာတ် အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

**<u>ရည်ညွှန်းရေတွင်း၏ရေအရည်အသွေးရလဒ်များ</u>**

မြန်မာနိုင်ငံတွင် မြေအောက်ရေတိုင်းတာမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် ရည်ညွှန်းတန်ဖိုးများ မရှိသည့်အပြင် ရေအရည်အသွေးတိုင်းတာသည့် အမျိုးအစားအများစုသည် အခြားနိုင်ငံများ၏ ရည်ညွှန်းတန်ဖိုးများထက် ဗီယက်နမ်နိုင်ငံ၏ ရည်ညွှန်းတန်ဖိုးများတွင် ပါဝင်နေသောကြောင့် မြေအောက်ရေအရည်အသွေးအတွက် ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ (No. QCVN 09-MT: 2015/BTNMT) ကို ကိုးကားချက်အဖြစ် အသုံးပြုထားသည်။ ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေတိုင်းတာမှုဆိုင်ရာ လမ်းညွှန်ချက်များတွင် ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား၏ ရည်ညွှန်းတန်ဖိုးဖော်ပြထားခြင်း မရှိသောကြောင့် ဗီယက်နမ်နိုင်ငံ၏



Myanmar Japan Thilawa Development Limited MJTD

မြေပေါ်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ (No. QCVN 08-MT: 2015/BTNMT) ကို ကိုးကားချက်အဖြစ် အသုံးပြုထားသည်။

မြေအောက်ရေ၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။ ဘက်တီးရီးယားနှင့် အခြားအန္တရာယ်ရှိသော သက်ရှိသတ္တဝါများကို မြင့်တက်စေနိုင်သည့် ရေတွင်း၏ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ရေတွင်း၏ အနက်မှာ ၆၀ မီတာ ဝန်းကျင်ရှိကြောင်း မိုးကြိုးစွမ်းဘုန်းကြီးကျောင်း၏ သတင်းအချက်အလက်များအရ သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် JICAမှ ထုတ်ပြန်ခဲ့သည့် "သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဧရိယာများအတွက် အလားအလာရှိသော ရေအရင်းအမြစ်များအချက်အလက်ကောက်ယူမှုစစ်တမ်း" အစီရင်ခံစာကို ကိုးကား၍ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) မှ ထုတ်ယူရရှိသည့် မြေအောက်ရေသည် ရန်ကုန်မြစ်မှ ဆားငန်ရေဝင်ရောက်မှု ရှိနေသော ဒုတိယရေအောင်းလွှာမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဤရေအောင်းလွှာသည် မြေမျက်နှာပြင်နှင့် နီးကပ်စွာတည်ရှိပြီး မာကြောကျစ်လစ်မှုမရှိသော မြေသားအလွှာဖြင့် ဖုံးအုပ်ထားသည်။ ရလဒ်အားဖြင့် ဤရေအောင်းလွှာအတွင်းရှိ မြေအောက်ရေသည် ဆားငန်ရေဝင်ရောက်မှုသာမက အပေါ်ဖုံးအုပ်မြေလွှာမှ ဖြတ်သန်းလာသော ညစ်ညမ်းသည့် စိမ့်ဝင်မှုများကြောင့် ညစ်ညမ်းသွားနိုင်သည်။ ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli) ရလဒ်သည် ရည်မှန်းတန်ဖိုးအောက် နည်းပါးကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1) ၏ စောင့်ကြည့်လေ့လာသောနေရာတွင် ကိုလီဖောင်းစုစုပေါင်းသည် ရည်မှန်းတန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။



Myanmar Japan Thilawa Development Limited
MJTD

## ဇယား ၂.၅-၂ ရည်ညွှန်းစောင့်ကြည့်လေ့လာမှု အမှတ်များအတွက် ရေအရည်အသွေးရလဒ်များ

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (parameters) | ယူနစ် | မြေပေါ်ရေ နမူနာယူသည့် နေရာ-၂ (SW-2) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၄ (SW-4) | ရည်မှန်းတန်ဖိုး (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်းအတွက် ရည်ညွှန်းတန်ဖိုး) |
|---|---|---|---|---|---|
| ၁ | ရေအပူချိန် (water temperature) | °C | ၂၂ | ၂၆ | ≤ ၃၅ |
| ၂ | ချဉ်ဖန်ကိန်း (pH) | - | ၆.၈ | ၈.၀ | ၆ - ၉ |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | mg/l | ၃.၈၈ | ၅.၂၂ | - |
| ၄ | ဆိုင်းကြွအနယ် (suspended solid) | mg/l | ၂၀ | ၅၂၈ | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | mg/l | ၁၁.၆၃ | ၃.၅၀ | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | mg/l | ၃၆.၈ | ၁၁.၇ | ၁၂၅ |
| ၇ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | mg/l | ၂.၈ | ၇.၁ | ၈၀ |
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | mg/l | ၀.၂၁ | ၁.၀၅ | ၂ |
| ၉ | အရောင် (Color) | TCU (True Color Unit) | ၁၈.၄၃ | ၁၁.၂၉ | ၁၅၀ |
| ၁၀ | အနံ့ (Odor) | TON (Threshold Odor Number) | ၁ | ၁ | - |
| ၁၁ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | > ၁၆၀၀၀၀ | > ၁၆၀၀၀၀ | ၄၀၀ |
| ၁၂ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | < ၃.၁ | ၁၀ |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၁၉၃၂ | ၆၀၄ | ၂၀၀၀ |
| ၁၄ | သံဓာတ် (Iron) | mg/l | ၁.၁၆၄ | ၂၄.၀၀၀ | ၃.၅ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ၀.၀၀၅ |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (Escherichia Coli) | MPN/100ml | - | - | (၁,၀၀၀)* (CFU/100ml) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | - | ၀.၄၉ | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။

*မှတ်ချက်။ ဓွန့်ထုတ်ရေများဓွန့်ထုတ်လိုက်သောချောင်း၏ အသုံးပြုမှုပေါ်မူတည်၍ ဂျပန်နိုင်ငံ၏ ချိုးရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)ကို ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E.coli)၏ ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်နိုင်မှု ကန့်သတ်ချက်များကြောင့် စီအက်ဖ်ယူတန်ဖိုး "Colony Forming Unit (CFU)" အား တိုင်းတာ၍မရပါ။ ထို့ကြောင့် အမ်ပီအန် "Most Probable Number (MPN)" ရလဒ်များကို စီအက်ဖ်ယူတန်ဖိုးနှင့် တူညီသည်ဟုယူဆပြီး ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ပါသည်။ မြန်မာနိုင်ငံတွင် စီအက်ဖ်ယူတန်ဖိုးကို သုံးသပ်နိုင်သည်နှင့် တစ်ပြိုင်နက် သုံးသပ်သည့်နည်းလမ်းများ ပြောင်းလဲမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ချိုးရေ ရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)အရ ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. coli) တန်ဖိုး ၁၀၀၀ CFU/၁၀၀ ml ထက်ကျော်လွန်နေသည်မှာ ချိုးရေအဖြစ်သုံးရန် မသင့်တော်ဟုယူဆပါသည်။

**မှတ်ချက်။ မြေအောက်ရေစောင့်ကြည့်လေ့လာသောနေရာတွင် ရေအသုံးပြုမှုပေါ်မူတည်၍ ဗီယက်နမ်နိုင်ငံရှိ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ B1 (ဆည်မြောင်းရေ) (No. QCVN 08: 2008/BTNMT) ကို မြေအောက်ရေကိုယ်တိုင်စောင့်ကြည့်လေ့လာခြင်းအတွက် ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ပါသည်။

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်



Myanmar Japan Thilawa Development Limited MJTD

## ဇယား ၂.၅-၃ ရည်ညွှန်းရေတွင်း၌ စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေးရလဒ်များ

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (parameters) | ယူနစ် | မြေအောက် ရေနမူနာယူသည့် နေရာ-၁(GW-1) | ဗီယက်နမ် မြေအောက် ရေအရည်အသွေး ရည်မှန်းတန်ဖိုး |
|---|---|---|---|---|
| ၁ | ရေအပူချိန် (water temperature) | °C | ၂၈ | - |
| ၂ | ချဉ်ဖန်ကိန်း (pH) | - | ၇.၉ | ၅.၅ - ၈.၅ |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | mg/l | ၆.၁၁ | - |
| ၄ | ဆိုင်းကြွအနယ် (suspended solid) | mg/l | ၄ | - |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | mg/l | ၀.၁၁ | - |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | mg/l | < ၀.၇ | - |
| ၇ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | mg/l | ၃.၉ | - |
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | mg/l | ၀.၁၃ | - |
| ၉ | အရောင် (Color) | TCU (True Color Unit) | ၁.၄၁ | - |
| ၁၀ | အနံ့ (Odor) | TON (Threshold Odor Number) | ၁ | - |
| ၁၁ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | ၁၄၀.၀ | ၃ |
| ၁၂ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | - |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၁၃၉၆ | ၁၅၀၀ |
| ၁၄ | သံဓာတ် (Iron) | mg/l | ၀.၄၉၈ | ၅ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ၀.၀၀၁ |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (Escherichia Coli) | MPN/100ml | < ၁.၈ | (၁၀၀)* (MPN/၁၀၀ml) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | - | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသော ဗီယက်နမ်မြေအောက်ရေအရည်အသွေးရည်မှန်းတန်ဖိုးများထက် ကျော်လွန်နေသည်ကို ဆိုလိုပါသည်။
ဗီယက်နမ်မြေအောက်ရေအရည်အသွေးရည်မှန်းတန်ဖိုး (No: QCVN 09-MT:2015/BTNMT)
*မှတ်ချက်။ မြေအောက်ရေစောင့်ကြည့်လေ့လာသောနေရာတွင် ရေအသုံးပြုမှုပေါ်မူတည်၍ ဗီယက်နမ်နိုင်ငံရှိ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ B1 (ဆည်မြောင်းရေ) (No. QCVN08: 2008/BTNMT) ကိုမြေအောက်ရေကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်းအတွက် ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ပါသည်။
မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

## ၂.၅.၃ ယခင်စောင့်ကြည့်လေ့လာမှုရလဒ်များ နှင့် ၂၀၂၄ခုနှစ် ဖေဖော်ဝါရီလတွင် စောင့်ကြည့်လေ့လာမှုရလဒ်များ၏ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေအရည်အသွေးများ နှိုင်းယှဉ်ခြင်း

ယခု စောင့်ကြည့်လေ့လာနေစဉ်ကာလ (ဖေဖော်ဝါရီ ၂၀၂၄) အတွင်း ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေအရည်အသွေးများအား ခြုံငုံသုံးသပ်ကြည့်ရန်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ကတည်းကရရှိသော စောင့်ကြည့်မှုရလဒ်များနှင့် နှိုင်းယှဉ်ထားပါသည်။

မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ချဉ်ဖန်ကိန်းရလဒ်များနှင့် ပတ်သက်၍ စောင့်ကြည့်ရာတွင် ဧပြီလ၊ ဒီဇင်ဘာလ ၂၀၂၃ တွင် ၁၀.၁၊ ၁၀.၀ နှင့် ဖေဖော်ဝါရီလ ၂၀၂၄ တွင် ၉.၆ အဖြစ် စောင့်ကြည့်ရလဒ်သုံးခုသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ချဉ်ဖန်ကိန်းရလဒ်သည် ခြောက်သွေ့သောရာသီတွင် သိသာထင်ရှားစွာ ပိုများနေပြီး၊ ရေထိန်းကန်အတွင်း အချိန်ကြာမြင့်စွာ ရေများစီးဆင်းလည်ပတ်မှုမရှိခြင်းနှင့် ခြောက်သွေ့သောရာသီ (ဆောင်းရာသီနှင့် နွေရာသီ) တွင် နေရောင်ခြည်အများအပြားကျရောက်ပြီး ရေကိုပိုမိုပူနွေးစေသောကြောင့် ရေညှိများပိုမိုများပြားလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့နည်းမှုဖြစ်ပွားပြီး ချဉ်ဖန်ကိန်းရလဒ်အဆင့်ကို မြင့်မားစေပါသည်။ စွန့်ထုတ်လိုက်သောနေရာများ (SW-1 နှင့် SW-5)၏ ရေအရည်အသွေးရလဒ်များနှင့် ပတ်သက်၍ စောင့်ကြည့်ရာတွင် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ကိုလီဖောင်းစုစုပေါင်း၏ ရလဒ်တန်ဖိုးသည် ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ ၂၀၂၄ တို့၏ ရလဒ်တန်ဖိုးများသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသကဲ့သို့ ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၏ ကိုလီဖောင်းစုစုပေါင်း၏ရလဒ်တန်ဖိုးသည် ဖေဖော်ဝါရီလ၊ ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ ၂၀၂၄ တို့၏ ရလဒ်တန်ဖိုးများသည်လည်း ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။ ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေနမူနာယူသည့်နေရာ-၅ (SW-5) တို့၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်များသည် မိုးရာသီ နှင့် ဆောင်းရာသီ တလျှောက်လုံးတွင် သိသာထင်ရှားစွာ ပိုများနေပါသည်။ ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေနမူနာယူသည့်နေရာ-၅ (SW-5) တို့၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အပိုင်းအခြားများအနေဖြင့် ၄၉၀၀ MPN/၁၀၀ml မှ စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/၁၀၀ml)ထိ နှင့် ၄၉၀၀ MPN/၁၀၀ml မှ စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/၁၀၀ml)ထိ အသီးသီးရှိကြပါသည်။ ထို့အပြင် မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) ၏ ကိုလီဖောင်းစုစုပေါင်းတန်ဖိုးသည် ဖေဖော်ဝါရီလ၊ ဧပြီလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ ၂၀၂၄ တို့၏ ရလဒ်များသာလျှင် ရည်မှန်းတန်ဖိုးထက် မြင့်မားနေပါသည်။ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) ၏ ကိုလီဖောင်းစုစုပေါင်းတန်ဖိုးသည် ခြောက်သွေ့သောရာသီ (ဖေဖော်ဝါရီလ နှင့် ဧပရယ်လ) တွင် မြင့်မားနေသည်ကို သိသိသာသာတွေ့မြင်ရ ပါသည်။

အခြားတစ်ဖက်တွင် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ဆိုင်းကြွအနည်ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဆိုင်းကြွအနည်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ ဆိုင်းကြွအနည်ရလဒ်သည် ဧပြီလ ၂၀၂၃ ၏ ရလဒ်မှလွဲ၍ စစ်တမ်းကောက်ယူထားသော ကျန်လများတွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပြီး၊ ၇၈ မှ ၅၂၈ mg/l ထိတန်ဖိုးအပိုင်းအခြား အတွင်းရှိနေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင်ရှိသော ဆိုင်းကြွအနည်ရလဒ်များသည် မိုးရာသီ နှင့် ဆောင်းရာသီ အတွင်း ပတ်ဝန်းကျင်မှရေများ စီးဆင်းမှုကြောင့် ရလဒ်များ မြင့်တက်နေရခြင်းဖြစ်သည်။ သိသာထင်ရှားစွာဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ရှိ ကိုလီဖောင်းစုစုပေါင်းရလဒ်များ၏ စောင့်ကြည့်လေ့လာမှုစစ်တမ်း ကာလအားလုံးသည် ၁၇၀၀ မှ >၁၆၀၀၀၀ MPN/100ml အပိုင်းအခြားအတွင်း နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ကိုလီဖောင်းစုစုပေါင်းရလဒ်များသည် စောင့်ကြည့်လေ့လာမှုစစ်တမ်း ကာလအားလုံးသည် ၄၆၀၀ မှ >၁၆၀၀၀၀ MPN/100ml အပိုင်းအခြားအတွင်း ရည်မှန်းတန်ဖိုးထက် မြင့်မားနေကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့၏



Myanmar Japan Thilawa Development Limited MJTD

ကိုလီဖောင်းစုစုပေါင်းရလဒ်များသည် ဇွန်လ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ ၂၀၂၄ တို့တွင် စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/100ml) ထိရောက်ရှိခဲ့ပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ သံဓာတ်ရလဒ်များသည် စောင့်ကြည့်လေ့လာမှု ကာလ လေးကြိမ်မှ ငါးကြိမ်ထိတိုင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ သံဓာတ်တန်ဖိုးသည် စောင့်ကြည့်လေ့လာနေသော ကာလ(၅)လ (ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ ၂၀၂၄) တွင် မြင့်မားနေပြီး၊ သံဓာတ်တန်ဖိုး အပိုင်းအခြားသည် ၆.၈၈ မှ ၂၄.၀၀၀ mg/l အတွင်းရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ သံဓာတ်တန်ဖိုးမြင့်မားမှုသည် မိုးရာသီ တလျှောက်လုံးမှ ဆောင်းရာသီအစတိုင်အောင် ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ ယခုလက်ရှိ ရေအရည်အသွေးများ၏ ရလဒ်များအခြေအနေသည် သီလဝါအထူးစီးပွါးရေးဇုန် ယခင်နှင့်ယခုလက်ရှိကာလ လည်ပတ်မှု၏ ပတ်ဝန်းကျင်အခြေနေများကို ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

ရည်မှန်းတန်ဖိုးထက်ကျော်လွန်နေသည့် သက်ဆိုင်ရာရေအရည်အသွေးအမျိုးအစားများအတွက် ဖြစ်နိုင်သော အကြောင်းပြချက်များအား ဤ အစီရင်ခံစာ၏ အရှေ့ပိုင်းရှင်းလင်းချက်တွင် ဖော်ပြထားပါသည်။

# အခန်း ၃ နိဂုံးချုပ် နှင့် အကြံပြုချက်များ

အခန်း ၂ အပိုင်း ၂.၅ တွင် ဖော်ပြထားသကဲ့သို့ သီလအထူးစီပွားရေးဇုန်အပိုင်း (က) လုပ်ငန်းလည်ပတ်နေစဉ် ကာလစောင့်ကြည့်လေ့လာသောအချိန်အတွင်း မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) တွင် ချဉ်ဖန်ကိန်း၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) တို့တွင် ကိုလီဖောင်းစုစုပေါင်း၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် ဆိုင်းကြွအနယ် နှင့် သံဓာတ် စသည်တို့သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။

ရည်မှန်းတန်ဖိုးများနှင့် နှိုင်းယှဉ်ရာတွင် သီလအထူးစီပွားရေးဇုန်အပိုင်း (က) ၏ အဓိကစွန့်ထုတ်ရေဖြစ်သော ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) တွင် ချဉ်ဖန်ကိန်း ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) ရှိ ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ရေထိန်းကန်အတွင်း အချိန်ကြာမြင့်စွာ ရေများစီးဆင်း လည်ပတ်မှုမရှိခြင်း နှင့် ဆောင်းရာသီတွင် နေရောင်ခြည်အများအပြား ကျရောက်ပြီး ရေကို ပိုမိုပူနွေးစေသောကြောင့် ရေညှိများ ပိုမိုများပြားလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့နည်းမှုဖြစ်ပွားပြီး ချဉ်ဖန်ကိန်း ရလဒ်အဆင့်ကို မြင့်မားစေပါသည်။ ထို့အပြင် ရေထဲတွင် အများဆုံးတွေ့ရသော ဘိုင်ကာဗွန်နိတ်နှင့် ကာဗွန်နိတ်တို့သည် အနုတ်လက္ခဏာဆောင်သော အမအိုင်းယွန်း (anion) များဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဟိုက်ဒရိုက်အိုင်းယွန်းနှင့် အမအိုင်းယွန်းများကြားရှိ အပြန်အလှန် ဓာတုဓာတ်ပြုမှုများသည် အယ်ကာလီ ဓာတ်ကြားခံကို ဖြစ်ပေါ်စေပြီး ချဉ်ဖန်ကိန်းတန်ဖိုးကို တိုးမြင့်စေနိုင်ပါသည်။ ယခုလက်ရှိအခြေအနေတွင် ရေနေသတ္တဝါများ အသက်ရှင်နေသေးသောကြောင့် ချဉ်ဖန်ကိန်းရလဒ်အဆင့် မြင့်မားမှုသည် ရေထိန်းကန်တွင်ရှိသော ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) တွင် ကိုလီဖောင်းစုစုပေါင်း၏ ရလဒ်များမှာ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်မှရေများ စီးဆင်းမှုကြောင့် အညစ်အကြေးများသည် ရေထိန်းကန် နှင့် ရေထိန်းတူးမြောင်းထဲသို့ စီးဝင်သောကြောင့် ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။ နောက်ထပ်နည်းလမ်းအနေဖြင့် ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E Coli)၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို သိရှိနိုင်ရန်ခွဲခြမ်းစိတ်ဖြာမှု ဆောင်ရွက်သောအခါ ရလဒ်များအားလုံးသည် ရည်မှန်းတန်ဖိုးအောက် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ရှိ စောင့်ကြည့်လေ့လာသော နေရာများတွင် ကိုလီဖောင်းစုစုပေါင်းသည် ရည်မှန်းတန်ဖိုးထက်များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင် ကိုလီဖောင်းစုစုပေါင်း၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် ဆိုင်းကြွအနယ် နှင့် သံဓာတ် တို့၏ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင် ကိုလီဖောင်းစုစုပေါင်း၏ ရလဒ်များသည် ရည်မှန်းတန်ဖိုးများထက် ကျော်လွန်ရခြင်းမှာ (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်းနှင့်



Myanmar Japan Thilawa Development Limited MJTD

ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ ၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်းတလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သော အညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် ဆိုင်းကြွအနယ်၏ ရလဒ်သည် ရည်မှန်းတန်ဖိုးများထက် ကျော်လွန်ရခြင်းမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သောရေများကြောင့်လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် သံဓာတ် ၏ ရလဒ်သည် ရည်မှန်းတန်ဖိုးများထက် ကျော်လွန်ရခြင်းမှာ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပြီး (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှထွက်လာနိုင်ပါသည်) ပတ်ဝန်းကျင်ရှိတောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

မြေအောက်ရေ၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။ ဘက်တီးရီးယားနှင့် အခြားအန္တရာယ်ရှိသော သက်ရှိသတ္တဝါများကို မြင့်တက်စေနိုင်သည့် ရေတွင်း၏ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ရေတွင်း၏ အနက်မှာ ၆၀ မီတာ ၀န်းကျင်ရှိကြောင်း မိုးကြိုးစွမ်းဘုန်းကြီးကျောင်း၏ သတင်းအချက်အလက်များအရ သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် JICAမှ ထုတ်ပြန်ခဲ့သည့် "သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဧရိယာများအတွက် အလားအလာရှိသော ရေအရင်းအမြစ်များအချက်အလက်ကောက်ယူမှုစစ်တမ်း" အစီရင်ခံစာကို ကိုးကား၍ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) မှ ထုတ်ယူရရှိသည့် မြေအောက်ရေသည် ရန်ကုန်မြစ်မှ ဆားငန်ရေဝင်ရောက်မှု ရှိနေသော ဒုတိယရေအောင်းလွှာမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဤရေအောင်းလွှာသည် မြေမျက်နှာပြင်နှင့် နီးကပ်စွာတည်ရှိပြီး မာကြောကျစ်လစ်မှုမရှိသော မြေသားအလွှာဖြင့် ဖုံးအုပ်ထားသည်။ ရလဒ်အားဖြင့် ဤရေအောင်းလွှာအတွင်းရှိ မြေအောက်ရေသည် ဆားငန်ရေဝင်ရောက်မှုသာမက အပေါ်ဖုံးအုပ်မြေလွှာမှ ဖြတ်သန်းလာသော ညစ်ညမ်းသည့် စိမ့်ဝင်မှုများကြောင့် ညစ်ညမ်းသွားနိုင်သည်။ ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli) ရလဒ်သည် ရည်မှန်းတန်ဖိုးအောက် နည်းပါးကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1) ၏ စောင့်ကြည့်လေ့လာသောနေရာတွင် ကိုလီဖောင်းစုစုပေါင်းသည် ရည်မှန်းတန်ဖိုးထက်များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

အနာဂတ်တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ၏ အဓိကစွန့်ထုတ်ရေထွက်ရှိသောနေရာများမှ ထွက်ရှိလာသော ရေအရည်အသွေးများဖြစ်သည့် ချဉ်ဖန်ကိန်း၊ ကိုလီဖောင်းစုစုပေါင်း ၏ ရည်မှန်းတန်ဖိုးနှင့် သင့်လျော်သော ရေအရည်အသွေး စောင့်ကြည့်လေ့လာမှု ရရှိနိုင်ရန် အောက်ပါဆောင်ရွက်ချက်များကို လုပ်ဆောင်သင့်ပါသည်။

- သန့်ရှင်းမှုရှိစေရန် ရေထိန်းကန်အတွင်း တည်ရှိနေသော ရေညှိများ နှင့် အပင်များ ပေါက်ရောက်ခြင်အား ပုံမှန်ဖယ်ရှားရှင်းလင်းပေးရန်။

- ကိုလီဖောင်းဘက်တီးရီးယားများ၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို သိရှိနိုင်ရန် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. Coli) ကို ဆက်လက်စောင့်ကြည့်ရန်။

ဤတွင်စာတမ်းပြီးဆုံးပါသည်။

နောက်ဆက်တွဲ ၁ ရေနမူနာရယူသည့် မှတ်တမ်းဓာတ်ပုံများ

Myanmar Japan Thilawa Development Limited
MJTD

## သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ရှိ စွန့်ထုတ်ရေနမူနာရယူသည့်နေရာများ



မြေပေါ်ရေ နမူနာယူသည့်နေရာ-၁ (SW-1) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း



မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း






မြေပေါ်ရေ နမူနာယူသည့်နေရာ-၆ (SW-6) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း




Myanmar Japan Thilawa Development Limited
MJTD


## စွန့်ထုတ်ရေထွက်ရှိသောနေရာများနှင့်စွန့်ထုတ်ရေရောက်ရှိနိုင်သည့်ချောင်း၏အခြေခံအချက်အလက်များကို နှိုင်းယှဉ်ရန်အတွက် ရည်ညွှန်းစောင့်ကြည့်လေ့လာသည့် နေရာများ

မြေပေါ်ရေ နမူနာယူသည့်နေရာ-၂ (SW-2) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း




မြေပေါ်ရေ နမူနာယူသည့်နေရာ-၄ (SW-4) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း




မြေအောက်ရေ နမူနာယူသည့်နေရာ-၁ (GW-1) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း

နောက်ဆက်တွဲ ၂ ဓာတ်ခွဲခန်းရလဒ်များ

Myanmar Japan Thilawa Development Limited
MJTD

## စွန့်ထုတ်ရေထွက်ရှိသည့်နေရာများနှင့်ဗဟိုစွန့်ထုတ်ရေသန့်စင်စက်ရုံအထွက်

DOWA

GOLDEN DOWA ECO-SYSTEM MYANMAR CO., LTD
Lot No E1 Thilawa SEZ Zone A, Yangon Region, Myanmar
Phone No Fax No: (+95) 1 2309051

motivate our planet
Doc No: GEM-LB-R006/00/A0
Page 1 of 1

Report No. : GEM-LAB-202402035
Revision No. : 1
Report Date : 21 February, 2024
Application No. : 0001-C001

### Analysis Report

Client Name : Myanmar Koei International LTD (MKI)
Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar.
Project Name : Environment Monitoring report for Zone A & B
Sample Description
Sample Name : MKI-SW-1-0205
Sample No. : W-2402019
Waste Profile No. : -

Sampling Date : 6 February, 2024
Sampling By : Customer
Sample Received Date : 6 February, 2024
Analytical Date : 6-21/2/2024

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105'C Method) | mg/l | 22 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 5.31 | 0.00 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 30.1 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 10.44 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 6.9 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.54 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180'C Method) | mg/l | 468 | - |
| 9 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 10 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 0.744 | 0.002 |
| 11 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | >160000 | 1.8 |
| 12 | Odor | APHA 2150 B (Threshold Odor Test) | TON | 2 | 0 |
| 13 | Escherichia Coli | APHA 9221 F Escherichia Coli Procedure Using Fluorogenic Substrate | MPN/100ml | <1.8 | 1.8 |

Remark : LOQ - Limit of Quantitation
APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

Analysed By :
Cherry Myint Thein
Assistant Manager

LAB 21/2/24 GEM

Approved By :
Ni Ni Aye Lwin Feb 21, 2024
Manager

REPORT RESULT IS ONLY OF THE SAMPLE SUBMITTED FOR ANALYSIS
THIS ANALYSIS REPORT SHALL NOT BE REPRODUCED EXCEPT IN FULL, WITHOUT WRITTEN APPROVAL OF THE LABORATORY OF GOLDEN DOWA ECO-SYSTEM MYANMAR CO.,LTD.

Myanmar Japan Thilawa Development Limited MJTD

သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ရှိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက်ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ
(နှစ်လတစ်ကြိမ်၊ စောင့်ကြည့်လေ့လာခြင်း ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်)

DOWA

GOLDEN DOWA ECO-SYSTEM MYANMAR CO., LTD.
Lot No:E1 Thilawa SEZ Zone A, Yangon Region, Myanmar.
Phone No Fax No: (+95) 1 2309051



Report No. : GEM-LAB-202402036
Revision No. : 1
Report Date : 21 February, 2024
Application No. : 0001-C001

## Analysis Report

Client Name : Myanmar Koei International LTD (MKI)
Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar.
Project Name : Environment Monitoring report for Zone A & B
Sample Description
Sample Name : MKI-SW-S-0206
Sample No. : W-2402020
Waste Profile No. : -

Sampling Date : 6 February, 2024
Sampling By : Customer
Sample Received Date : 6 February, 2024
Analytical Date : 6-21/2/2024

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105°C Method) | mg/l | 12 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 15.18 | 0.00 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 19.6 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 8.55 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 1.0 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.10 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180°C Method) | mg/l | 182 | - |
| 9 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 10 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 0.832 | 0.002 |
| 11 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | 54000.0 | 1.8 |
| 12 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |
| 13 | Escherichia Coli | APHA 9221 F Escherichia Coli Procedure Using Fluorogenic Substrate | MPN/100ml | 6.8 | 1.8 |

Remark : LOQ - Limit of Quantitation
APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

Analysed By :
Cherry Myint Thein
Assistant Manager

LAB 21/2/24 GEM

Approved By :
Ni Ni Aye Lwin Feb 23, 2024
Manager

REPORT RESULT IS ONLY OF THE SAMPLE SUBMITTED FOR ANALYSIS.
THIS ANALYSIS REPORT SHALL NOT BE REPRODUCED EXCEPT IN FULL, WITHOUT WRITTEN APPROVAL OF THE LABORATORY OF GOLDEN DOWA ECO-SYSTEM MYANMAR CO., LTD.

Myanmar Japan Thilawa Development Limited MJTD

DOWA

GOLDEN DOWA ECO SYSTEM MYANMAR CO., LTD
Lot No E1, Thilawa SEZ Zone A, Yangon Region, Myanmar
Phone No. Fax No. (+95) 1 2309051

rhithate our planet


Report No. : GEM-LAB-202402037
Revision No. : 1
Report Date : 21 February, 2024
Application No. : 0001-C001

## Analysis Report

Client Name : Myanmar Koei International LTD (MKI)

Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar.

Project Name : Environment Monitoring report for Zone A & B

Sample Description

Sample Name : MKI-SW-6-0206

Sample No. : W-2402021

Waste Profile No. : -

Sampling Date : 6 February, 2024

Sampling By : Customer

Sample Received Date : 6 February, 2024

Analytical Date : 6 21/2/2024

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105'C Method) | mg/l | 2 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 3.68 | 0.00 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 7.9 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 4.71 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 16.2 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.91 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180'C Method) | mg/l | 546 | - |
| 9 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 10 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 0.018 | 0.002 |
| 11 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | <1.8 | 1.8 |
| 12 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |

Remark : LOQ - Limit of Quantitation

APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

Analysed By :

Cherry Myint Thein
Assistant Manager

LAB 21/2/24 GEM

Approved By :

Ni Ni Aye Lwin Feb 23, 2024
Manager

REPORT RESULT IS ONLY OF THE SAMPLE SUBMITTED FOR ANALYSIS
THIS ANALYSIS REPORT SHALL NOT BE REPRODUCED EXCEPT IN FULL WITHOUT WRITTEN APPROVAL OF THE LABORATORY OF
GOLDEN DOWA ECO SYSTEM MYANMAR CO., LTD

Myanmar Japan Thilawa Development Limited MJTD

# စွန့်ထုတ်ရေထွက်ရှိသောနေရာများနှင့် စွန့်ထုတ်ရေရောက်ရှိနိုင်သည့်ချောင်း၏ အခြေခံအချက်အလက်များကို နှိုင်းယှဉ်ရန်အတွက် ရည်ညွှန်းစောင့်ကြည့်လေ့လာသည့် နေရာများ

DOWA

GOLDEN DOWA ECO-SYSTEM MYANMAR CO., LTD
Lot No E1, Thilawa SEZ Zone A, Yangon Region, Myanmar.
Phone No Fax No. (+95) 1 2309051

motivate our planet
Doc No: GEM-LB-R006F/00/A0
Page1of1

Report No. : GEM-LAB-202402038
Revision No. : 1
Report Date : 21 February, 2024
Application No. : 0001-C001

## Analysis Report

Client Name : Myanmar Koei International LTD (MKI)
Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar.
Project Name : Environment Monitoring report for Zone A & B
Sample Description
Sample Name : MKI-SW-2-0206
Sample No. : W-2402022
Waste Profile No. : -

Sampling Date : 6 February, 2024
Sampling By : Customer
Sample Received Date : 6 February, 2024
Analytical Date : 6-21/02/2024

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105'C Method) | mg/l | 20 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 11.63 | 0.00 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 36.8 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 18.43 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 2.8 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.21 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180'C Method) | mg/l | 1932 | - |
| 9 | Chromium | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 10 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 11 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 1.164 | 0.002 |
| 12 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | >160000 | 1.8 |
| 13 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |

Remark : LOQ - Limit of Quantitation
APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

Analysed By :
Cherry Myint Thein
Assistant Manager

LAB 21/2/24 GEM

Approved By :
Ni Ni Aye Lwin Feb 23, 2024
Manager

REPORT RESULT IS ONLY OF THE SAMPLE SUBMITTED FOR ANALYSIS.
THIS ANALYSIS REPORT SHALL NOT BE REPRODUCED EXCEPT IN FULL, WITHOUT WRITTEN APPROVAL OF THE LABORATORY OF GOLDEN DOWA ECO-SYSTEM MYANMAR CO.,LTD

Myanmar Japan Thilawa Development Limited MJTD

DOWA

GOLDEN DOWA ECO-SYSTEM MYANMAR CO., LTD
Lot No E1, Thilawa SEZ Zone A, Yangon Region, Myanmar
Phone No Fax No: (+95) 1 2309051

methrate our planet
Doc No: GEM-LB-R006E/00/AD
Page1of1

Report No. : GEM-LAB-202402039
Revision No. : 1
Report Date : 21 February, 2024
Application No. : 0001-C001

## Analysis Report

Client Name : Myanmar Koei International LTD (MKI)

Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar.

Project Name : Environment Monitoring report for Zone A & B

Sample Description

Sample Name : MKI-SW-4-0206
Sample No. : W-2402023
Waste Profile No. : -

Sampling Date : 6 February, 2024
Sampling By : Customer
Sample Received Date : 6 February, 2024
Analytical Date : 6-21/02/2024

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105'C Method) | mg/l | 528 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 3.50 | 0.00 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 11.7 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 11.29 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 7.1 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 1.05 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180'C Method) | mg/l | 604 | - |
| 9 | Chromium | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 10 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 11 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 24.000 | 0.002 |
| 12 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | >160000 | 1.8 |
| 13 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |

Remark : LOQ - Limit of Quantitation

APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

LAB 21/2/24 GEM

Analysed By :
Cherry Myint Thein
Assistant Manager

Approved By :
Ni Ni Aye Lwin Feb 21, 2024
Manager

REPORT RESULT IS ONLY OF THE SAMPLE SUBMITTED FOR ANALYSIS
THIS ANALYSIS REPORT SHALL NOT BE REPRODUCED EXCEPT IN FULL, WITHOUT WRITTEN APPROVAL OF THE LABORATORY OF GOLDEN DOWA ECO-SYSTEM MYANMAR CO.,LTD.

Myanmar Japan Thilawa Development Limited MJTD

သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ရှိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက်ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ
(နှစ်လတစ်ကြိမ်၊ စောင့်ကြည့်လေ့လာခြင်း ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်)

DOWA

GOLDEN DOWA ECO SYSTEM MYANMAR CO., LTD.
Lot No E1 Thilawa SEZ Zone A, Yangon Region, Myanmar
Phone No Fax No: (+95) 1 2309051

motivate our planet
Doc No: GEM-LB-R008E/00/A0
Page1of1

Report No. : GEM-LAB-202402040
Revision No. : 1
Report Date : 21 February, 2024
Application No. : 0001-C001

## Analysis Report

Client Name : Myanmar Koei International LTD (MKI)

Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar

Project Name : Environment Monitoring report for Zone A & B

Sample Description

Sample Name : MKI-GW-1-0206

Sample No. : W-2402024

Waste Profile No. : -

Sampling Date : 6 February, 2024

Sampling By : Customer

Sample Received Date : 6 February, 2024

Analytical Date : 6-21/02/2024

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105'C Method) | mg/l | 4 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 0.11 | 0.00 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | <0.7 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 1.41 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 3.9 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.13 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180'C Method) | mg/l | 1396 | - |
| 9 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | ≤0.002 | 0.002 |
| 10 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 0.498 | 0.002 |
| 11 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | 140.0 | 1.8 |
| 12 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |
| 13 | Escherichia Coli | APHA 9221 F Escherichia Coli Procedure Using Fluorogenic Substrate | MPN/100ml | <1.8 | 1.8 |

Remark : LOQ - Limit of Quantitation

APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

Analysed By :

Cherry Myint Thein
Assistant Manager

LAB 21/2/24 GEM

Approved By :

Ni Ni Aye Lwin Feb 22, 2024
Manager

REPORT RESULT IS ONLY OF THE SAMPLE SUBMITTED FOR ANALYSIS
THIS ANALYSIS REPORT SHALL NOT BE REPRODUCED EXCEPT IN FULL, WITHOUT WRITTEN APPROVAL OF THE LABORATORY OF
GOLDEN DOWA ECO-SYSTEM MYANMAR CO.,LTD.

Myanmar Japan Thilawa Development Limited MJTD

# သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)ရှိ
# စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်
# ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာ
# (လုပ်ငန်းလည်ပတ်နေစဉ်ကာလ)

(နှစ်လတစ်ကြိမ် စောင့်ကြည့်လေ့လာခြင်း)

၂၀၂၄ ခုနှစ်၊ ဧပြီလ

မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်



## မာတိကာ


အခန်း ၁ နိဒါန်း ..... ၁
၁.၁ ယေဘုယျဖော်ပြချက် ..... ၁
အခန်း ၂ ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း ..... ၃
၂.၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား ..... ၃
၂.၂ ရေနမူနာယူသည့်နေရာများ၏တည်နေရာနှင့်အချက်အလက်များဖော်ပြချက် ..... ၅
၂.၃ စောင့်ကြည့်လေ့လာသည့်နည်းလမ်း ..... ၆
၂.၄ စောင့်ကြည့်လေ့လာသည့်ကာလ ..... ၈
၂.၅ စောင့်ကြည့်လေ့လာမှုရလဒ်များ ..... ၈
အခန်း ၃ နိဂုံးချုပ် နှင့် အကြံပြုချက်များ ..... ၁၈
နောက်ဆက်တွဲ ၁ ရေနမူနာရယူသည့် မှတ်တမ်းဓာတ်ပုံများ ..... က၁-၁
နောက်ဆက်တွဲ ၂ ဓာတ်ခွဲခန်းရလဒ်များ ..... က၂-၁


## ဇယားများစာရင်း


ဇယား ၂.၁-၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား ..... ၃
ဇယား ၂.၂-၁ ရေနမူနာရယူသည့်နေရာများ ..... ၅
ဇယား ၂.၃-၁ ရေအရည်အသွေးစစ်ဆေးသည့် နည်းလမ်းများ ..... ၇
ဇယား ၂.၄-၁ နေရာတစ်ခုချင်းစီအတွက် နမူနာရယူသည့်အချိန် ..... ၈
ဇယား ၂.၄-၂ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း ..... ၈
ဇယား ၂.၅-၁ ရေထွက်ပေါက်နှင့်ရေထိန်းဂိတ်အားလုံး၏ ရေထုအရည်အသွေး စောင့်ကြည့်လေ့လာမှု ရလဒ်များ ..... ၁၀
ဇယား ၂.၅-၂ ရည်ညွှန်းစောင့်ကြည့်လေ့လာမှု အမှတ်များအတွက် ရေအရည်အသွေးရလဒ်များ ..... ၁၄
ဇယား ၂.၅-၃ ရည်ညွှန်းရေတွင်း၌ စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေးရလဒ်များ ..... ၁၅


## ပုံများစာရင်း


ပုံ ၁.၁-၁ ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအတွက် ရေနမူနာရယူသောနေရာများ၏ တည်နေရာပြပုံ ..၂

# အခန်း ၁ နိဒါန်း


## ၁.၁ ယေဘုယျဖော်ပြချက်

သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီး၏ တောင်ပိုင်းခရိုင်တွင်တည်ရှိပြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ၂၃ ကီလိုမီတာတွင် တည်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ အကောင်အထည် ဖော်ဆောင်သူအနေဖြင့် ဇုန်အပိုင်း(က)အတွင်းရှိ စက်မှုမြေနေရာအတွက် ခွင့်ပြုချက်ရရှိထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်အတိုင်း ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက်တွင် တာဝန်ရှိပါသည်။ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက်သည် ဇုန်အတွင်း နှင့် အနီးပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင် အခြေအနေများကို သိရှိစေရန် သဘာဝပတ်ဝန်းကျင် နှင့် သက်ဆိုင်သော အချက်အလက် စောင့်ကြည့်လေ့လာမှုများကို ရေးဆွဲထားပြီး ထိုအစီအစဉ်များအရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုအား ရေနမူနာရယူရာတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ စုစုပေါင်းနေရာ ခြောက်နေရာ၊ နာမည်အားဖြင့် (မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၆ (SW-6) နှင့် မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1)) တို့တွင် စောင့်ကြည့်လေ့လာခဲ့ပါသည်။ ထိုနေရာ ခြောက်နေရာမှ မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) မှာ သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(က)၏ အဓိကစွန့်ထုတ်ရေ ထွက်ပေါက်များဖြစ်ကြပြီး မြေပေါ်ရေနမူနာယူသည့် နေရာ-၆ (SW-6) မှာ ဗဟိုစွန့်ထုတ်ရေသန့်စင်စက်ရုံ၏ နောက်ဆုံးစွန့်ထုတ်ရေ ထွက်ရှိရာနေရာဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)၏ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီအရင်ခံစာ တွင်ပါဝင်သော ပတ်ဝန်းကျင် စောင့်ကြည့်လေ့လာမှု အစီအစဉ်အရ စောင့်ကြည့်ရမည့်စက်ရုံ ဖြစ်ပါသည်။ ကျန်ရှိသော မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) တို့ကို စွန့်ထုတ်ရေ ထွက်ရှိသောနေရာများနှင့် စွန့်ထုတ်ရေ ရောက်ရှိသည့်ချောင်း၏ အခြေခံအချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန် ကိုးကားစောင့်ကြည့်လေ့လာမှုအဖြစ် နမူနာရယူခဲ့သည်။ ထို့အပြင် မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1)အား ရေထိန်းကန်၏အနီးကပ်လျက်ရှိသော မိုးကြိုးစွမ်းဘုန်းကြီးကျောင်း ပရဝဏ်အတွင်းရှိ ရေတွင်းအား ရည်ညွှန်းနိုင်ရန် စောင့်ကြည့်လေ့လာခဲ့သည်။ ရေအရည်အသွေးစောင့်ကြည့် လေ့လာမှုအတွက်နမူနာရယူသော နေရာများ၏ တည်နေရာများကို ပုံ ၁.၁-၁ တွင်ဖော်ပြထားပါသည်။



Myanmar Japan Thilawa Development Limited
MJTD




မူရင်း။ ဂူဂဲအတ်

ပုံ ၁.၁-၁ ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအတွက် ရေနမူနာရယူသောနေရာများ၏ တည်နေရာပြပုံ



Myanmar Japan Thilawa Development Limited
MJTD

# အခန်း ၂ ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း

## ၂.၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား

ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုအတွက် ရေနမူနာရယူသောနေရာများနှင့် ရေအရည်အသွေးတိုင်းတာသည့် အမျိုးအစားများ(parameters)ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီအရင်ခံစာပါ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီအစဉ်အား ခြုံငုံမိစေရန်အလို့ငှာ ဆောင်ရွက်ထားပါသည်။

ရေအရည်အသွေးနမူနာစစ်တမ်းရယူမှုအား နေရာခြောက်နေရာတွင် ဆောင်ရွက်ခဲ့ပါသည်။ ထိုနေရာခြောက်နေရာမှ ရေစီးဆင်းမှုတိုင်းတာခြင်းကို ရေစီးနှုန်းတိုင်းကိရိယာဖြင့် တိုင်းတာနိုင်သော နေရာနှစ်နေရာဖြစ်သည့် (မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၆ (SW-6)) တို့တွင် တိုင်းတာခဲ့ပါသည်။ သို့သော်လည်း (မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5)) တို့တွင် ရေစီးနှုန်းတိုင်းကိရိယာဖြင့် တိုင်းတာခဲ့ခြင်းမလုပ်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) တွင် ရေစီးဆင်းမှု မရှိခြင်း၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) တွင် ရေတံခါးများ ပိတ်ထားသောကြောင့် ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာသော ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (parameters) နှင့် ရေနမူနာရယူသော နေရာများကို ဇယား ၂.၁-၁ တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

**ဇယား ၂.၁-၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား**

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (parameters) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၁ (SW-1) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၂ (SW-2) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၄ (SW-4) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၅ (SW-5) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၆ (SW-6) | မြေအောက် ရေ နမူနာ ယူသည့် နေရာ-၁ (GW-1) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | ○ | ○ | ○ | ○ | ○ | ○ | ရေနမူနာကောက်ယူသည့် နေရာတွင် တိုက်ရိုက် တိုင်းတာခြင်း |
| ၂ | ချဉ်ဖန်ကိန်း (pH) | ○ | ○ | ○ | ○ | ○ | ○ | ရေနမူနာကောက်ယူသည့် နေရာတွင် တိုက်ရိုက် တိုင်းတာခြင်း |
| ၃ | ပျော်ဝင်အောက်စီဂျင် (DO) | ○ | ○ | ○ | ○ | ○ | ○ | ရေနမူနာကောက်ယူသည့် နေရာတွင် တိုက်ရိုက် တိုင်းတာခြင်း |
| ၄ | ဆိုင်းကြွအနယ်များ (Suspended Solids) | ○ | ○ | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | ○ | ○ | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | ○ | ○ | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၇ | နိုက်ထရိဂျင်စုစုပေါင်း (Total Nitrogen) | ○ | ○ | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |

Myanmar Japan Thilawa Development Limited ★ MJTD

သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ရှိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက်ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ
(နှစ်လတစ်ကြိမ်၊ စောင့်ကြည့်လေ့လာခြင်း ဧပြီလ ၂၀၂၄ ခုနှစ်)

| စဉ် | ရေအရည်အသွေးတိုင်းတာသည့် အမျိုးအစားများ (parameters) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၁ (SW-1) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၂ (SW-2) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၄ (SW-4) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၅ (SW-5) | မြေပေါ် ရေ နမူနာ ယူသည့် နေရာ-၆ (SW-6) | မြေအောက် ရေ နမူနာ ယူသည့် နေရာ-၁ (GW-1) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၉ | အရောင် (Color) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၀ | အနံ့ (Odor) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၁ | ကိုလီဖောင်း စုစုပေါင်း (Total Coliform) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၂ | ဆီနှင့်အမဲဆီ (Oil and Grease) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၄ | သံဓာတ် (Iron) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၅ | ပြဒါးဓာတ် (Mercury) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း) | ○ | ○ | ○ | ○ | ○ | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ် စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း) | ○ | - | - | ○ | - | ○ | ခတ်ခွဲစမ်းသပ်ခြင်း |
| ၁၇ | ရေစီးဆင်းနှုန်း | - | - | ○ | - | ○ | - | ရေနမူနာကောက်ယူသည့် နေရာတွင် တိုက်ရိုက်တိုင်း တာခြင်း |

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

## ၂.၂ ရေနမူနာယူသည့်နေရာများ၏တည်နေရာနှင့်အချက်အလက်များဖော်ပြချက်

ရေနမူနာယူသည့်နေရာများကို ဇယား ၂.၂-၁ တွင် ဖော်ပြထားပါသည်။ ရေနမူနာယူသည့်နေရာ တစ်ခုစီတွင် ရေနမူနာရယူခဲ့သည့် မှတ်တမ်းပုံများကို နောက်ဆက်တွဲ-၁ တွင်ဖော်ပြထားသည်။

**ဇယား ၂.၂-၁ ရေနမူနာရယူသည့်နေရာများ**

| စဉ် | တည်နေရာ | အသေးစိတ်အချက်အလက် |
|---|---|---|
| ၁ | မြေပေါ်ရေ နမူနာယူသည့် နေရာ-၁ (SW-1) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆°၄၀'၁၃.၅"၊ အရှေ့လောင်ဂျီတွဒ် - ၉၆°၁၆' ၃၉.၈" |
| | | တည်နေရာ - ရေထိန်းကန်ထွက်ပေါက် |
| | | ရေနမူနာရယူသောအမျိုးအစား – မြေပေါ်ရေရယူခြင်း |
| ၂ | မြေပေါ်ရေ နမူနာယူသည့် နေရာ-၂ (SW-2) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၂၀.၆၉"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၁၈.၀၄" |
| | | တည်နေရာ - ရွှေပျောက်ချောင်းအထက်ပိုင်း |
| | | ရေနမူနာရယူသောအမျိုးအစား – မြေပေါ်ရေရယူခြင်း |
| ၃ | မြေပေါ်ရေ နမူနာယူသည့် နေရာ-၄ (SW-4) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၃၉' ၄၂.၈၄"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၂၇.၄၂" |
| | | တည်နေရာ - ရွှေပျောက်ချောင်းအောက်ပိုင်း |
| | | ရေနမူနာရယူသော အမျိုးအစား – မြေပေါ်ရေရယူခြင်းနှင့်ရေစီးနှုန်းတိုင်းတာခြင်း |
| ၄ | မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၁၀.၇"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၂၂.၆" |
| | | တည်နေရာ - ရေထိန်းမြောင်းထွက်ပေါက် |
| | | ရေနမူနာရယူသော အမျိုးအစား – မြေပေါ်ရေရယူခြင်း |
| ၅ | မြေပေါ်ရေ နမူနာယူသည့် နေရာ-၆ (SW-6) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၂၇.၁၃"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၃၀.၆၈" |
| | | တည်နေရာ - ဗဟိုစွန့်ထုတ်ရေသန့်စင်စက်ရုံမှ ရေထိန်းကန်သို့ ထွက်သည့် ထွက်ပေါက် |
| | | ရေနမူနာရယူသော အမျိုးအစား – မြေပေါ်ရေရယူခြင်းနှင့်ရေစီးနှုန်းတိုင်းတာခြင်း |
| ၆ | မြေအောက်ရေ နမူနာယူသည့် နေရာ-၁ (GW-1) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၁၆.၉၆"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၃၄.၀၁" |
| | | တည်နေရာ - မိုးကြိုးစွမ်းကျောင်းတိုက်ပရဝဏ်အတွင်း |
| | | ရေနမူနာရယူသော အမျိုးအစား – မြေအောက်ရေရယူခြင်း |

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

### မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1)

မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1)အားမိုးကြိုးစွမ်းဘုန်းကြီးကျောင်းတိုက်၏ အရှေ့အရပ်တွင်တည်ရှိသော ရေထိန်းကန်၏ ရေထွက်ပေါက်မှ ရယူခြင်း ဖြစ်ပါသည်။ ၄င်းသည် ပင်မစွန့်ထုတ်ရေသန့်စင်စက်ရုံ၏ ထွက်ပေါက်တွင်တည်ရှိသော မြေပေါ်ရေနမူနာယူသည့်နေရာ-၆ (SW-6) ၏ မြစ်အောက်ပိုင်း ၅၃၀ မီတာ အကွာတွင် တည်ရှိပါသည်။ မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ရေထိန်းကန်၏ ရေထွက်ပေါက်မှရေများသည် ရေနုတ်မြောင်းမှတဆင့် မြောက်မှ တောင်သို့ စီးဆင်းပြီး ရွှေပျောက်ချောင်းအတွင်း စီးဝင်ပါသည်။ အထက်ပါ စောင့်ကြည့်လေ့လာသည့်နေရာ၏ ရေထုအရည်အသွေးသည် ရွှေပျောက်ချောင်း၏ မြစ်အောက်ပိုင်းမှ ဒီရေအတက်အကျ၏ လွှမ်းမိုးမှုများရှိနေပါသည်။ ထို့အပြင် ဘုန်းကြီးကျောင်းတိုက်အတွင်းမှ စီးဆင်းရေတစ်စိတ်တစ်ပိုင်းသည်လည်း သီလဝါအထူးစီပွားရေးဇုန်၏ ရေမြောင်းအတွင်းသို့ ရောက်ရှိပြီး ရေထိန်းကန်အတွင်းသို့ စီးဝင်မှုရှိကြောင်း ယူဆရပါသည်။

### မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) (ရေအရည်အသွေး ရည်ညွှန်းအမှတ်)

မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2)အား ရွှေပျောက်ချောင်း၏ အထက်ပိုင်းတွင် ရယူခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှတ်သည် ဇုန်အပိုင်း(က)ဧရိယာ၏ အရှေ့တောင်ဘက်၊ ဒဂုံ-သီလဝါလမ်း၏ တောင်ဘက်တွင် တည်ရှိပါသည်။ အနောက်တောင်တွင် ဇုန်အပိုင်း(ခ) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့က အသီးသီးဝန်းရံလျက်ရှိသည်။



Myanmar Japan Thilawa Development Limited MJTD

**မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) (ရေအရည်အသွေး ရည်ညွှန်းအမှတ်)**
ပြည်တွင်းစက်မှုဇုန်၊ သီလဝါ ဇုန်အပိုင်း(က) နှင့် ဇုန်အပိုင်း(ခ)ရှိ လုပ်ငန်းခွင်များမှ စွန့်ထုတ်လိုက်သောရေများ ပေါင်းစည်းရောနှောသွားသောနေရာ၊ ရွှေပျောက်ချောင်း၏ အောက်ပိုင်းတွင် မြေပေါ်ရေ နမူနာယူသည့်နေရာ-၄ (SW-4) တွင်ရယူခဲ့ခြင်းဖြစ်သည်။ ရွှေပျောက်ချောင်းသည် အရှေ့မှ အနောက်သို့ စီးဆင်းပြီး ရန်ကုန်မြစ်အတွင်းသို့ စီးဝင်သည်။ မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) သည် မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2)၏ ချောင်းအောက်ပိုင်း ၂.၁၅ ကီလိုမီတာအကွာတွင် တည်ရှိပါသည်။ အဆိုပါ ရေနမူနာကောက်ယူသည့်နေရာသည် ဇုန်အပိုင်း(က)ဧရိယာ၏ အနောက်တောင်ဘက်တွင်တည်ရှိပြီး ဒဂုံ-သီလဝါလမ်း၏ တောင်ဘက်တွင် တည်ရှိပါသည်။ ပတ်ဝန်းကျင်အနီးအနားတွင် ဇုန်အပိုင်း(ခ) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့ အသီးသီးတည်ရှိပါသည်။

**မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5)**
မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) အား သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)၏ ပင်မဂိတ်ပေါက်အနီးရှိ ရေထိန်းတူးမြောင်းမှ ရယူခဲ့သည်။ အဆိုပါ တူးမြောင်းအတွင်း စုဆောင်းထားသော ရေအများစုမှာ မိုးရေ နှင့် အနီးအနားတွင် အပင်များရေလောင်းခြင်းမှ ထွက်၍လာသော ရေများ ဖြစ်ပါသည်။ အဆိုပါတူးမြောင်းသည်လည်း ရွှေပျောက်ချောင်းဖြင့် ဆက်သွယ်ထားပါသည်။ မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) ၏ ရေအရည်အသွေးသည် ချောင်းအောက်ဘက်မှ ဒီရေအတက်အကျ၏ လွှမ်းမိုးမှုများစွာ ရှိနိုင်ပါသည်။

**မြေပေါ်ရေနမူနာယူသည့်နေရာ-၆ (SW-6)**
မြေပေါ်ရေနမူနာယူသည့်နေရာ-၆ (SW-6) အား မိုးကြိုးစွမ်းအုန်းကြီးကျောင်းတိုက် နှင့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁(SW-1)၏ မြောက်ဘက်ရှိ ပင်မစွန့်ထုတ်ရေသန့်စင်စက်ရုံ၏ ထွက်ပေါက်မှ ရယူခြင်းဖြစ်ပါသည်။ သန့်စင်ပြီးသောစွန့်ထုတ်ရေအား ရေထိန်းကန်အတွင်းသို့ စီးဝင်စေသည်။ ၄င်းရေထွက်ပေါက်သည် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1)၏ အထက်ဘက် ၅၃၀ မီတာခန့် အကွာအဝေးတွင်ရှိပါသည်။

**မြေအောက်ရေနမူနာယူသည့်နေရာ-၁(GW-1) (မူလတည်ရှိနေသောရေတွင်းအားရည်ညွှန်းခြင်း)**
မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1)အား မိုးကြိုးစွမ်းအုန်းကြီးကျောင်းတိုက် ပရဝဏ်အတွင်းရှိ တူးဖော်ထားသော ရေတွင်းမှ ရယူခဲ့ပါသည်။ အနောက်ဘက်တွင် ဇုန်အပိုင်း (က)၊ အရှေ့ဘက်တွင် ရေထိန်းကန် နှင့် တောင်ဘက်တွင် ဒဂုံ-သီလဝါလမ်း တို့အသီးသီးရှိပါသည်။

## ၂.၃ စောင့်ကြည့်လေ့လာသည့်နည်းလမ်း

ရေနမူနာများကို ရယူပြီး သန့်စင်ထားသောဖန်ပုလင်းညိုများဖြင့် သိမ်းဆည်းပြီး ဇယား ၂.၃-၁ တွင် ဖော်ပြထားသော နည်းလမ်းများဖြင့် ခတ်ခွဲခန်း၌ စစ်ဆေးပါသည်။ ရေနမူနာများကို ရေခဲပုံးများဖြင့် ၂-၄ ဒီဂရီ ဆဲလ်စီးရပ် တွင်သိမ်းဆည်းထားပြီး ခတ်ခွဲခန်းသို့ ပို့ဆောင်ပါသည်။ တိုင်းတာသည့် ရေအရည်အသွေး အမျိုးအစားများ၌ ရေအပူချိန်၊ ချဉ်ဖန်ကိန်း နှင့် ပျော်ဝင်အောက်စီဂျင်တို့အား ရေအရည်အသွေးတိုင်းတာသော စက်ကိရိယာ (Horiba U-52)ကို အသုံးပြု၍ ရေနမူနာရယူသည့်နေရာ၌ပင် တိုက်ရိုက် တိုင်းတာခဲ့ပါသည်။ ထို့အပြင် ရေစီးဆင်းမှုနှုန်းကိုလည်း ဒီဂျစ်တယ်ရေစီးနှုန်းတိုင်းကိရိယာ (JFE Digital Current Meter)ဖြင့် ရေနမူနာကောက်ယူသည့်နေရာ၌ တိုင်းတာခဲ့ပါသည်။

Myanmar Japan Thilawa Development Limited MJTD

## ဇယား ၂.၃-၁ ရေအရည်အသွေးစစ်ဆေးသည့် နည်းလမ်းများ

| စဉ် | အမျိုးအစားများ | နည်းလမ်း |
|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | Instrument Analysis Method (Horiba, U-52, Multi Water Quality Checker) |
| ၂ | ချဉ်ဖန်ကိန်း (pH) | Instrument Analysis Method (Horiba, U-52, Multi Water Quality Checker) |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | Instrument Analysis Method (Horiba, U-52, Multi Water Quality Checker) |
| ၄ | ဆိုင်းကြွအနယ် (Suspended Solids) | APHA 2540 D (Dry at 103-105°C Method) |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | APHA 5210 B (5 Days BOD Test) |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | APHA 5220D (Close Reflux Colorimetric Method) |
| ၇ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | HACH Method 10072 (TNT Persulfate Digestion Method) |
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | APHA 4500-P E (Ascorbic Acid Method) |
| ၉ | အရောင် (Color) | APHA 2120C (Spectrophotometric Method) |
| ၁၀ | အနံ့ (Odor) | APHA 2150 B (Threshold Odor Test) |
| ၁၁ | ကိုလီဖောင်း စုစုပေါင်း (Total Coliform) | APHA 9221B (Standard Total Coliform Fermentation Technique) |
| ၁၂ | ဆီနှင့် အမဲဆီ (Oil and Grease) | APHA 5520B (Partition-Gravimetric Method) |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | APHA 2540 C (Total Dissolved Solids Dried at 180°C Method) |
| ၁၄ | သံဓာတ် (Iron) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၁၅ | ပြဒါးဓာတ် (Mercury) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ဘက်တီးရီးယား (Escherichia Coli) | APHA 9221 F (Escherichia Coli Procedure Using Fluorogenic Substrate) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | Detection of Electromagnetic Elements<br>(Real-time measurement by AEM 213-D Digital Current Meters) |

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်



Myanmar Japan Thilawa Development Limited
MJTD

## ၂.၄ စောင့်ကြည့်လေ့လာသည့်ကာလ

ရေအရည်အသွေးနှင့် ရေစီးဆင်းမှုနှုန်း စောင့်ကြည့်လေ့လာမှုအား ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ဒီရေအတက်အကျကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကိုရှောင်ရှားနိုင်ရန် အောက်ပါ ဇယား ၂.၄-၁ အတိုင်း ရေနမူနာရယူခဲ့သည်။ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် အတွက်ဒီရေ မှတ်တမ်းကို ဇယား ၂.၄-၂ တွင်ဖော်ပြထားပါသည်။

**ဇယား ၂.၄-၁ နေရာတစ်ခုချင်းစီအတွက် နမူနာရယူသည့်အချိန်**

| စဉ် | နမူနာရယူသည့်နေရာ | နမူနာရယူသည့်အချိန် |
|---|---|---|
| ၁ | မြေပေါ်ရေ နမူနာရယူသည့်နေရာ-၁ (SW-1) | ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် (၁၁ နာရီ : ၀၅ မိနစ်) |
| ၂ | မြေပေါ်ရေ နမူနာရယူသည့် နေရာ-၂ (SW-2) | ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် (၀၈ နာရီ : ၅၇ မိနစ်) |
| ၃ | မြေပေါ်ရေ နမူနာရယူသည့် နေရာ-၄ (SW-4) | ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် (၀၉ နာရီ : ၂၁ မိနစ်) |
| ၄ | မြေပေါ်ရေ နမူနာရယူသည့် နေရာ-၅ (SW-5) | ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် (၁၁ နာရီ : ၂၇ မိနစ်) |
| ၅ | မြေပေါ်ရေ နမူနာရယူသည့် နေရာ-၆ (SW-6) | ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် (၁၀ နာရီ : ၃၆ မိနစ်) |
| ၆ | မြေအောက်ရေ နမူနာရယူသည့် နေရာ-၁ (GW-1) | ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် (၁၁ နာရီ : ၄၉ မိနစ်) |

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

**ဇယား ၂.၄-၂ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း**

| ရက်စွဲ | အချိန် | အမြင့် | ဒီရေအခြေအနေ |
|---|---|---|---|
| ဧပြီလ ၂၄ ရက်နေ့ ၂၀၂၄ ခုနှစ် | ၀၀:၁၀ | ၀.၇၁ | ဒီရေအကျ |
| | ၀၄:၄၉ | ၅.၄၂ | ဒီရေအတက် |
| | ၁၂:၀၉ | ၀.၅၈ | ဒီရေအကျ |
| | ၁၆:၅၅ | ၅.၈၀ | ဒီရေအတက် |

မူရင်း။ မြန်မာဆိပ်ကမ်းအာဏာပိုင်၊ ၂၀၂၄ ခုနှစ်အတွက် ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း

## ၂.၅ စောင့်ကြည့်လေ့လာမှုရလဒ်များ

ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုရလဒ်များကို ဇယား၂.၅-၁တွင် ဖော်ပြထားပါသည်။ ဓာတ်ခွဲခန်းဆန်းစစ်မှု ရလဒ်များကို နောက်ဆက်တွဲ-၂ တွင်ဖော်ပြထားသည်။ ရလဒ်များကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီအရင်ခံစာတွင်ပါရှိသည့် ရေအရည်အသွေးရည်မှန်းတန်ဖိုးများနှင့် နှိုင်းယှဉ်ထားပါသည်။

### ၂.၅.၁ သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်မှုဇုန်၏ ဗဟိုစွန့်ထုတ်ရေသန့်စင်စက်ရုံထွက်ပေါက်နှင့် ချောင်းအတွင်းသို့ မစွန့်ထုတ်ခင်နေရာရှိ ရေအရည်အသွေးရလဒ်များ

ရည်မှန်းတန်ဖိုးများဖြင့် နှိုင်းယှဉ်ရာတွင် ချဉ်ဖန်ကိန်း၊ ဆိုင်းကြွအနယ်၊ ကိုလီဖောင်းစုစုပေါင်း နှင့် သံဓာတ် တို့မှာ ရည်မှန်းတန်ဖိုးများထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။

ချဉ်ဖန်ကိန်း ရလဒ်အနေဖြင့် ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ရေထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့် နေရာ-၆ (SW-6) မှရလဒ်သည် ရည်မှန်းထားသော တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ သို့သော်လည်း ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) ရှိ ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ရေထိန်းကန်အတွင်း အချိန်ကြာမြင့်စွာ ရေများစီးဆင်းလည်ပတ်မှုမရှိခြင်း နှင့် နွေရာသီတွင် နေရောင်ခြည် များပြားစွာကျရောက်ပြီး ရေကိုပိုမိုပူနွေးစေသောကြောင့် ရည်ညွှန်များ ပိုမိုများပြားလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့နည်းမှုဖြစ်ပွားပြီး ချဉ်ဖန်ကိန်း ရလဒ်အဆင့်ကို

မြင့်မားစေပါသည်။ ထို့အပြင် ရေထဲတွင် အများဆုံးတွေ့ရသော ဘိုင်ကာဗွန်နိတ်နှင့် ကာဗွန်နိတ်တို့သည် အနုတ်လက္ခဏာဆောင်သော အမအိုင်းယွန်း (anion) များဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဟိုက်ဒရိုက်အိုင်းယွန်းနှင့် အမအိုင်းယွန်းတို့၏ အပြန်အလှန် ဓာတုဓာတ်ပြုမှုများသည် အယ်ကာလီ ဓာတ်ကြားခံကို ဖြစ်ပေါ်စေပြီး ချဉ်ဖန်ကိန်းတန်ဖိုးကို တိုးမြင့်စေနိုင်ပါသည်။ ယခုလက်ရှိအခြေအနေတွင် ရေနေသတ္တဝါများ အသက်ရှင်နေသေးသောကြောင့် ချဉ်ဖန်ကိန်းရလဒ်အဆင့် မြင့်မားမှုသည် ရေထိန်းကန်တွင်ရှိသော ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်သေးကြောင်း သတ်မှတ်နိုင်ပါသည်။

ရည်မှန်းတန်ဖိုးများဖြင့် နှိုင်းယှဉ်ရာတွင် ဆိုင်းကြွအနယ် ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသော နေရာများဖြစ်သည့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) တွင် ချောင်းအတွင်းသို့ မစွန့်ထုတ်ခင်ရလဒ်များမှာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ဇုန်အပိုင်း(က)ရှိ မြေလွတ်များမှ မြေမျက်နှာပြင် စီးဆင်းရေများကြောင့် ဖြစ်နိုင်ပါသည်။ ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့် နေရာ-၆ (SW-6) မှရလဒ်သည် ကန့်သတ်တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် စက်ရုံတစ်ရုံချင်းစီမှ စွန့်ထုတ်ရေများအား ပင်မစွန့်ထုတ်ရေ သန့်စင်စက်ရုံမှ ကောင်းမွန်စွာ သန့်စင်ထားသည်ဟု ဆိုလိုနိုင်ပါသည်။

ကိုလီဖောင်း စုစုပေါင်း ရလဒ်အနေဖြင့် ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့်နေရာ-၆ (SW-6) မှရလဒ်သည် ကန့်သတ်တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် စက်ရုံတစ်ရုံချင်းစီမှ စွန့်ထုတ်ရေများအား ပင်မစွန့်ထုတ်ရေ သန့်စင်စက်ရုံမှ ကောင်းမွန်စွာ သန့်စင်ထားသည်ဟု ဆိုလိုနိုင်ပါသည်။ အခြားတစ်ဖက်တွင် စောင့်ကြည့်လေ့လာသော နေရာများဖြစ်သည့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) တွင် ရလဒ်များမှာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်ချေ အလားအလာရှိသည့် အကြောင်းရင်းများမှာ ၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ ၂) ပတ်ဝန်းကျင်မှအညစ်အကြေးများသည် ရေထိန်းကန် နှင့် ရေထိန်းတူးမြောင်းထဲသို့စီးဝင်စေပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်း စုစုပေါင်း၏ ဖြစ်တည်မှုတွင် သဘာဝအလျောက် ဘက်တီးရီးယားများ ပါဝင်ပြီး ကိုလီဖောင်း စုစုပေါင်းသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှု မရှိသော်ငြားလည်း ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားထဲမှ ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိ/မရှိသိစေရန် တစ်နည်းအားဖြင့် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားတစ်မျိုး (E Coli) အား ဓာတ်ခွဲစမ်းသပ် လေ့လာခဲ့ပါသည်။ ဤဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli) ရလဒ်အရ တန်ဖိုးများအားလုံးသည် ကန့်သတ်တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) တို့၏ စောင့်ကြည့် လေ့လာသောနေရာများတွင် ကိုလီဖောင်းစုစုပေါင်းသည် ကန့်သတ်တန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

သံဓာတ် ရလဒ်အနေဖြင့် ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့် နေရာ-၆ (SW-6) မှရလဒ်သည် သတ်မှတ်တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် စက်ရုံတစ်ရုံချင်းစီမှ စွန့်ထုတ်ရေများအား ပင်မစွန့်ထုတ်ရေ သန့်စင်စက်ရုံမှ ကောင်းမွန်စွာ သန့်စင်ထားသည်ဟု ဆိုလိုနိုင်ပါသည်။ အခြားတစ်ဖက်တွင် စောင့်ကြည့်လေ့လာသော နေရာများဖြစ်သည့် ရေထိန်းတူးမြောင်း



Myanmar Japan Thilawa Development Limited MJTD

မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) တွင် ရလဒ်များမှာ သတ်မှတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်ချေ အလားအလာရှိသည့် အကြောင်းအရင်းမှာ သဘာဝ သံဓာတ် အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ် ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။ ဂျပန်နိုင်ငံ လူနေမှု ပတ်ဝန်းကျင်စံနှုန်းတန်ဖိုးများတွင် (၁) ကျန်းမာရေး (၂) လူနေမှုပတ်ဝန်းကျင်ဟူ၍ အမျိုးအစားနှစ်ခု သတ်မှတ်ထားပါသည်။ ကျန်းမာရေးအမျိုးအစားတွင် သံဓာတ်အတွက် စံတန်ဖိုးသတ်မှတ်ထားခြင်းမတွေ့ရှိရပါ။ သို့သော် ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖော်ပြထားသော ဂျပန်နိုင်ငံ၏ ထုတ်လွှတ်အရည်စံနှုန်း သတ်မှတ်ချက်တွင် လူနေမှုပတ်ဝန်းကျင်အတွက်မူ ပျော်ဝင်နိုင်သောသံဓာတ် စံတန်ဖိုးအား ၁၀ မိလီဂရမ်/လီတာ ဟူ၍သတ်မှတ်ထားသည်*။ ဂျပန်နိုင်ငံ၏ လူနေမှုပတ်ဝန်းကျင်အတွက် သံဓာတ်စံတန်ဖိုးနှင့် နှိုင်းယှဉ်ရာတွင် ရေထိန်းတူးမြောင်း မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) ရှိ သံဓာတ်တန်ဖိုးသည် ကန့်သတ်တန်ဖိုးအတွင်း ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် လူနေမှုပတ်ဝန်းကျင်တွင် သိသာထင်ရှားသော ထိခိုက်မှုမရှိကြောင်း သတ်မှတ်နိုင်ပါသည်။

**ဇယား ၂.၅-၁ ရေထွက်ပေါက်နှင့်ရေထိန်းဂိတ်အားလုံး၏ ရေထုအရည်အသွေး စောင့်ကြည့်လေ့လာမှု ရလဒ်များ**

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစား (parameters) | ယူနစ် | မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) | မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) | မြေပေါ်ရေနမူနာယူသည့် နေရာ-၆ (SW-6) | ရည်မှန်းတန်ဖိုး |
|---|---|---|---|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | °C | ၃၂ | ၃၃ | ၃၁ | ≤ ၃၅ |
| ၂ | ချဉ်ဖန်ကိန်း (pH) | - | ၁၀.၃ | ၉.၀ | ၆.၈ | ၆ - ၉ |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | mg/l | ၁၁.၆၃ | ၆.၂၇ | ၅.၈၂ | - |
| ၄ | ဆိုင်းကြွအနယ် (suspended solid) | mg/l | ၁၈ | ၁၃၆ | ၄ | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | mg/l | ၁၂.၀၇ | ၁၄.၈၇ | ၁၆.၅၄ | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | mg/l | ၃၀.၃ | ၇၄.၂ | ၃၃.၄ | ၁၂၅ |
| ၇ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | mg/l | ၁.၃ | ၂.၂ | ၁၀.၉ | ၈၀ |
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | mg/l | ၀.၂၆ | ၀.၃၇ | < ၀.၀၅ | ၂ |
| ၉ | အရောင် (Color) | TCU (True Color Unit) | ၉.၂၅ | ၉.၂၅ | ၁၁.၇၅ | ၁၅၀ |
| ၁၀ | အနံ့ (Odor) | TON (Threshold Odor Number) | ၂ | ၂ | ၁.၄ | - |
| ၁၁ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | ၁၀၀၀.၀ | > ၁၆၀၀၀၀ | ၁၇၀.၀ | ၄၀၀ |



Myanmar Japan Thilawa Development Limited MJTD

သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ရှိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက်ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ
(နှစ်လတစ်ကြိမ်၊ စောင့်ကြည့်လေ့လာခြင်း ဧပြီလ ၂၀၂၄ ခုနှစ်)

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစား (parameters) | ယူနစ် | မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) | မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) | မြေပေါ်ရေနမူနာယူသည့် နေရာ-၆ (SW-6) | ရည်မှန်းတန်ဖိုး |
|---|---|---|---|---|---|---|
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၅၀၂ | ၃၁၀ | ၅၇၈ | ၂၀၀၀ |
| ၁၄ | သံဓာတ် (Iron) | mg/l | ၀.၆၀၆ | ၉.၆၀၀ | ၀.၀၃၂ | ၃.၅ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ၀.၀၀၅ |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) | MPN/100ml (SW) | < ၁.၈ | < ၁.၈ | - | (၁၀၀၀)** (CFU/၁၀၀ml) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | - | - | ၀.၀၁ | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။
*မှတ်ချက်။ အမျိုးသားထုတ်လွှတ်အရည်စံနှုန်း/ ရေ/ မြေဆီလွှာ/ မြေအောက်ပတ်ဝန်းကျင်/ ဂျပန်နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန။
**မှတ်ချက်။ စွန့်ထုတ်ရေများစွန့်ထုတ်လိုက်သောချောင်း၏ အသုံးပြုမှုပေါ်မူတည်၍ ဂျပန်နိုင်ငံ၏ ချိုးရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)ကို ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E.coli)၏ ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်နိုင်မှု ကန့်သတ်ချက်များကြောင့် စီအက်ဖ်ယူတန်ဖိုး "Colony Forming Unit (CFU)" အား တိုင်းတာ၍မရပါ။ ထို့ကြောင့် အမ်ပီအန် "Most Probable Number (MPN)" ရလဒ်များကို စီအက်ဖ်ယူတန်ဖိုးနှင့် တူညီသည်ဟုယူဆပြီး ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ပါသည်။ မြန်မာနိုင်ငံတွင် စီအက်ဖ်ယူတန်ဖိုးကို သုံးသပ်နိုင်သည်နှင့် တစ်ပြိုင်နက် သုံးသပ်သည့်နည်းလမ်းများ ပြောင်းလဲမည်ဖြစ်သည်။
ဂျပန်နိုင်ငံ၏ ချိုးရေ ရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)အရ ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. coli) တန်ဖိုး ၁၀၀၀ CFU/၁၀၀ ml ထက်ကျော်လွန်နေသည်မှာ ချိုးရေအဖြစ်သုံးရန် မသင့်တော်ဟုယူဆပါသည်။
မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်



Myanmar Japan Thilawa Development Limited MJTD

## ၂.၅.၂ စောင့်ကြည့်လေ့လာသည့် ရည်ညွှန်းအမှတ်များ နှင့် ရေတွင်း ၏ ရေအရည်အသွေးရလဒ်များ

ရည်ညွှန်းအမှတ်များ နှင့် ရည်ညွှန်းရေတွင်းတို့၌ စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေး ရလဒ်များကို ဇယား ၂.၅-၂ နှင့် ဇယား ၂.၅-၃ တို့တွင် ဖော်ပြထားပါသည်။ ရည်မှန်းတန်ဖိုး နှင့် နိုင်းယှဉ်ရာတွင် ဆိုင်းကြွေအနယ်များ၊ ကိုလီဖောင်းစုစုပေါင်း၊ ပျော်ဝင်အနည်စုစုပေါင်း နှင့် သံဓာတ် တို့မှာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။

<u>စောင့်ကြည့်လေ့လာသည့်ရည်ညွှန်းအမှတ်များ၏ရေအရည်အသွေးရလဒ်များ(စွန့်ထုတ်ရေရောက်ရှိသောချောင်း)</u>

ဆိုင်းကြွေအနည် နှင့် ပျော်ဝင်အနည်စုစုပေါင်း တို့ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည်။ ဆိုင်းကြွေအနည် နှင့် ပျော်ဝင်အနည်စုစုပေါင်း တို့ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သော ရေများကြောင့်လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်းနှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ ၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်း တလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သော အညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ သဘာဝ သံဓာတ် အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

<u>ရည်ညွှန်းရေတွင်း၏ရေအရည်အသွေးရလဒ်များ</u>

မြန်မာနိုင်ငံတွင် မြေအောက်ရေတိုင်းတာမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် ရည်ညွှန်းတန်ဖိုးများ မရှိသည့်အပြင် ရေအရည်အသွေးတိုင်းတာသည့် အမျိုးအစားအများစုသည် အခြားနိုင်ငံများ၏ ရည်ညွှန်းတန်ဖိုးများထက် ဗီယက်နမ်နိုင်ငံ၏ ရည်ညွှန်းတန်ဖိုးများတွင် ပါဝင်နေသောကြောင့် မြေအောက်ရေအရည်အသွေးအတွက် ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ (No. QCVN 09-MT: 2015/BTNMT) ကို ကိုးကားချက်အဖြစ် အသုံးပြုထားသည်။ ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေတိုင်းတာမှုဆိုင်ရာ လမ်းညွှန်ချက်များတွင် ဝမ်းကိုက်ရောဂါကိုဖြစ်စေသော

Myanmar Japan Thilawa Development Limited
MJTD

ကိုလီဖောင်းဘက်တီးရီးယား၏ ရည်ညွှန်းတန်ဖိုးဖော်ပြထားခြင်း မရှိသောကြောင့် ဗီယက်နမ်နိုင်ငံ၏ မြေပေါ်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ (No. QCVN 08-MT: 2015/BTNMT) ကို ကိုးကားချက်အဖြစ် အသုံးပြုထားသည်။ ဖြည့်စွက်ချက်အနေဖြင့် မြေအောက်ရေအရည်အသွေး ရလဒ်များနှင့်အတူ နှိုင်းယှဉ်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီအရင်ခံစာတွင်ပါရှိသည့် ပတ်ဝန်းကျင်ရေထုသို့ စွန့်ထုတ်မည့် ထုတ်လွှတ်ရေအရည်အသွေး ရည်မှန်းတန်ဖိုးများကိုလည်း စဉ်းစားထားပါသည်။

မြေအောက်ရေ၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဘက်တီးရီးယားနှင့် အခြားအန္တရာယ်ရှိသော သက်ရှိသတ္တဝါများကို မြင့်တက်စေနိုင်သည့် ရေတွင်း၏ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ရေတွင်း၏ အနက်မှာ ၆၀ မီတာ ဝန်းကျင်ရှိကြောင်း မိုးကြိုးစွမ်းဘုန်းကြီးကျောင်း၏ သတင်းအချက်အလက်များအရ သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် JICAမှ ထုတ်ပြန်ခဲ့သည့် "သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဧရိယာများအတွက် အလားအလာရှိသော ရေအရင်းအမြစ်များအချက်အလက်ကောက်ယူမှုစစ်တမ်း" အစီရင်ခံစာကိုးကားချက်အရ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) မှ ထုတ်ယူရရှိသည့် မြေအောက်ရေသည် ရန်ကုန်မြစ်မှ ဆားငန်ရေဝင်ရောက်မှု ရှိနေသော ဒုတိယရေအောင်းလွှာမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဤရေအောင်းလွှာသည် မြေမျက်နှာပြင်နှင့် နီးကပ်စွာတည်ရှိပြီး မာကြောကျစ်လစ်မှုမရှိသော မြေသားအလွှာဖြင့် ဖုံးအုပ်ထားသည်။ ရလဒ်အားဖြင့် ဤရေအောင်းလွှာအတွင်းရှိ မြေအောက်ရေသည် ဆားငန်ရေဝင်ရောက်မှုသာမက အပေါ်ဖုံးအုပ်မြေလွှာမှ ဖြတ်သန်းလာသော ညစ်ညမ်းသည့် စိမ့်ဝင်မှုများကြောင့် ညစ်ညမ်းသွားနိုင်သည်။ ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli) ရလဒ်သည် ကန့်သတ်တန်ဖိုးအတွင်းရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1) ၏ စောင့်ကြည့်လေ့လာသောနေရာတွင် ကိုလီဖောင်းစုစုပေါင်းသည် ကန့်သတ်တန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။



Myanmar Japan Thilawa Development Limited MJTD

## ဇယား ၂.၅-၂ ရည်ညွှန်းစောင့်ကြည့်လေ့လာမှု အမှတ်များအတွက် ရေအရည်အသွေးရလဒ်များ

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (parameters) | ယူနစ် | မြေပေါ်ရေ နမူနာယူသည့် နေရာ-၂ (SW-2) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၄ (SW-4) | ရည်မှန်းတန်ဖိုး |
|---|---|---|---|---|---|
| ၁ | ရေအပူချိန် (water temperature) | °C | ၃၀ | ၃၀ | ≤ ၃၅ |
| ၂ | ချဉ်ဖန်ကိန်း (pH) | - | ၇.၁ | ၇.၅ | ၆ - ၉ |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | mg/l | ၄.၆၅ | ၄.၉၉ | - |
| ၄ | ဆိုင်းကြွအနယ် (suspended solid) | mg/l | ၇၀ | ၁၉၈ | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | mg/l | ၁၁.၆၇ | ၁၀.၃၁ | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | mg/l | ၃၃.၁ | ၂၁.၆ | ၁၂၅ |
| ၇ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | mg/l | ၀.၉ | ၁.၅ | ၈၀ |
| ၈ | ဖော့စဖောရပ်စုစုပေါင်း (Total Phosphorus) | mg/l | < ၀.၀၅ | ၀.၁၄ | ၂ |
| ၉ | အရောင် (Color) | TCU (True Color Unit) | ၁၅.၅၀ | ၈.၀၀ | ၁၅၀ |
| ၁၀ | အနံ့ (Odor) | TON (Threshold Odor Number) | ၁.၄ | ၁.၄ | - |
| ၁၁ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | ၂၄၀၀၀.၀ | > ၁၆၀၀၀၀ | ၄၀၀ |
| ၁၂ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | < ၃.၁ | ၁၀ |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၃၂၅၈ | ၃၇၀၀ | ၂၀၀၀ |
| ၁၄ | သံဓာတ် (Iron) | mg/l | ၄.၀၂၀ | ၂၂.၀၈၀ | ၃.၅ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ၀.၀၀၅ |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (Escherichia Coli) | MPN/100ml | - | - | (၁,၀၀၀)* (CFU/100ml) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | - | ၀.၅၀ | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။

*မှတ်ချက်။ စွန့်ထုတ်ရေများစွန့်ထုတ်လိုက်သောချောင်း၏ အသုံးပြုမှုပေါ်မူတည်၍ ဂျပန်နိုင်ငံ၏ ချိုးရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)ကို ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E.coli)၏ ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်နိုင်မှု ကန့်သတ်ချက်များကြောင့် စီအက်ဖ်ယူတန်ဖိုး "Colony Forming Unit (CFU)" အား တိုင်းတာ၍မရပါ။ ထို့ကြောင့် အမ်ပီအန် "Most Probable Number (MPN)" ရလဒ်များကို စီအက်ဖ်ယူတန်ဖိုးနှင့် တူညီသည်ဟုယူဆပြီး ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ပါသည်။ မြန်မာနိုင်ငံတွင် စီအက်ဖ်ယူတန်ဖိုးကို သုံးသပ်နိုင်သည်နှင့် တစ်ပြိုင်နက် သုံးသပ်သည့်နည်းလမ်းများ ပြောင်းလဲမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ချိုးရေ ရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)အရ ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. coli) တန်ဖိုး ၁၀၀၀ CFU/၁၀၀ ml ထက်ကျော်လွန်နေသည်မှာ ချိုးရေအဖြစ်သုံးရန် မသင့်တော်ဟုယူဆပါသည်။

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

## ဇယား ၂.၅-၃ ရည်ညွှန်းရေတွင်း၌ စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေးရလဒ်များ

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (parameters) | ယူနစ် | မြေအောက် ရေနမူနာယူသည့် နေရာ-၁(GW-1) | ဗီယက်နမ် မြေအောက် ရေအရည်အသွေး ရည်မှန်းတန်ဖိုး | ရည်မှန်းတန်ဖိုး |
|---|---|---|---|---|---|
| ၁ | ရေအပူချိန် (water temperature) | °C | ၃၀ | - | ≤ ၃၅ |
| ၂ | ချဉ်ဖန်ကိန်း (pH) | - | ၇.၉ | ၅.၅ - ၈.၅ | ၆~၉ |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | mg/l | ၆.၇၀ | - | - |
| ၄ | ဆိုင်းကြွအနယ် (suspended solid) | mg/l | ၁၀ | - | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | mg/l | ၃.၄၁ | - | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | mg/l | ၅.၁ | - | ၁၂၅ |
| ၇ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | mg/l | ၁.၁ | - | ၈၀ |
| ၈ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | mg/l | ၀.၁၁ | - | ၂ |
| ၉ | အရောင် (Color) | TCU (True Color Unit) | ၄.၂၅ | - | ၁၅၀ |
| ၁၀ | အနံ့ (Odor) | TON (Threshold Odor Number) | ၁ | - | - |
| ၁၁ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | ၉၂၀၀၀.၀ | ၃ | ၄၀၀ |
| ၁၂ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | - | ၁၀ |
| ၁၃ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၁၄၁၈ | ၁၅၀၀ | ၂၀၀၀ |
| ၁၄ | သံဓာတ် (Iron) | mg/l | ၀.၉၀၂ | ၅ | ၃.၅ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ၀.၀၀၁ | ၀.၀၀၅ |
| ၁၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (Escherichia Coli) | MPN/100ml | ၈.၂ | (၁၀၀)* (MPN/၁၀၀ml) | (၁၀၀)* (MPN/၁၀၀ml) |
| ၁၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | - | - | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသော တန်ဖိုးများသည် ဗီယက်နမ်မြေအောက်ရေအရည်အသွေးရည်မှန်းတန်ဖိုးများ နှင့် ရည်မှန်းတန်ဖိုးများထက် ကျော်လွန်နေသည်ကို ဆိုလိုပါသည်။
ဗီယက်နမ်မြေအောက်ရေအရည်အသွေးရည်မှန်းတန်ဖိုး (No: QCVN 09-MT:2015/BTNMT)
*မှတ်ချက်။ မြေအောက်ရေစောင့်ကြည့်လေ့လာသောနေရာတွင် ရေအသုံးပြုမှုပေါ်မူတည်၍ ဗီယက်နမ်နိုင်ငံရှိ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ B1 (ဆည်မြောင်းရေ) (No. QCVN08: 2008/BTNMT) ကိုမြေအောက်ရေကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်းအတွက် ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ပါသည်။
မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

Myanmar Japan Thilawa Development Limited MJTD

## ၂.၅.၃ ယခင်စောင့်ကြည့်လေ့လာမှုရလဒ်များ နှင့် ၂၀၂၄ခုနှစ် ဧပြီလတွင် စောင့်ကြည့်လေ့လာမှုရလဒ်များ ၏ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေအရည်အသွေးများ နှိုင်းယှဉ်ခြင်း

ယခု စောင့်ကြည့်လေ့လာနေစဉ်ကာလ (ဧပြီ ၂၀၂၄) အတွင်း ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေအရည်အသွေးများအား ခြုံငုံသုံးသပ်ကြည့်ရန်အတွက် ၂၀၂၃ ခုနှစ် ဧပြီလ ကတည်းကရရှိသော စောင့်ကြည့်မှုရလဒ်များနှင့် နှိုင်းယှဉ်ထားပါသည်။

မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ချဉ်ဖန်ကိန်းရလဒ်များနှင့် ပတ်သက်၍ စောင့်ကြည့်ရာတွင် ဧပြီလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ၊ ဧပြီလ ၂၀၂၄ တို့တွင် ၁၀.၁၊ ၁၀.၀၊ ၉.၆ နှင့် ၁၀.၃ အဖြစ် စောင့်ကြည့်ရလဒ်လေးခုသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ချဉ်ဖန်ကိန်းရလဒ်သည် ခြောက်သွေ့သောရာသီတွင် သိသာထင်ရှားစွာ ပိုများနေပြီး၊ ရေထိန်းကန်အတွင်း အချိန်ကြာမြင့်စွာ ရေများစီးဆင်းလည်ပတ်မှုမရှိခြင်းနှင့် ခြောက်သွေ့သောရာသီ (ဆောင်းရာသီနှင့် နွေရာသီ) တွင် နေရောင်ခြည်အများအပြားကျရောက်ပြီး ရေကိုပိုမိုပူနွေးစေသောကြောင့် ရေညှိများပိုမိုများပြားလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့နည်းမှုဖြစ်ပွားပြီး ချဉ်ဖန်ကိန်းရလဒ်အဆင့်ကို မြင့်မားစေပါသည်။ မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၏ ဆိုင်းကြွအနည်ရလဒ်သည် ဧပြီလ ၂၀၂၄ တွင် ၁၃၆ mg/l အထိ စောင့်ကြည့်လေ့လာမှုတစ်ခုတည်းသာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၏ ဆိုင်းကြွအနည်ရလဒ်သည် ဇုန်အပိုင်း(က)ရှိ မြေလွတ်များမှ မြေမျက်နှာပြင် စီးဆင်းရေများကြောင့် ဖြစ်နိုင်ပြီး ခြောက်သွေ့သောရာသီတွင် သိသာထင်ရှားစွာ ပိုများနေပါသည်။ ထို့အပြင် မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၏ သံဓာတ်ရလဒ်သည်လည်း ဧပြီလ ၂၀၂၄ စောင့်ကြည့်လေ့လာမှုတစ်ခုတည်းတွင်သာ ၉.၆ mg/l အထိ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) ၏ သံဓာတ်ရလဒ်သည် ခြောက်သွေ့သောရာသီတွင် သိသာထင်ရှားစွာ ပိုများနေရခြင်းမှာ သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည်။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။ စွန့်ထုတ်လိုက်သောနေရာများ (SW-1 နှင့် SW-5) တို့၏ ရေအရည်အသွေးရလဒ်များနှင့် ပတ်သက်၍ စောင့်ကြည့်ရာတွင် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ကိုလီဖောင်းစုစုပေါင်း၏ ရလဒ်တန်ဖိုးသည် ဇွန်လ၊ သြဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ၊ ဧပြီလ ၂၀၂၄ တို့တွင်ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသကဲ့သို့ ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၏ ကိုလီဖောင်းစုစုပေါင်း၏ရလဒ်တန်ဖိုးသည် ဇွန်လ၊ သြဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ၊ ဧပြီလ ၂၀၂၄ တို့တွင်လည်းကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေနမူနာယူသည့်နေရာ-၅ (SW-5) တို့၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်များသည် သုံးရာသီ တလျှောက်လုံးတွင် သိသာထင်ရှားစွာ ပိုများနေပါသည်။ ရေနမူနာယူသည့်နေရာ-၁ (SW-1) ၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အပိုင်းအခြားများအနေဖြင့် ၄၉၀၀ MPN/၁၀၀ml မှ စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/၁၀၀ml)ထိ နှင့် ရေနမူနာယူသည့်နေရာ-၅ (SW-5) တို့၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အပိုင်းအခြားများအနေဖြင့် ၄၉၀၀ MPN/၁၀၀ml မှ စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/၁၀၀ml)ထိ အသီးသီးရှိကြပါသည်။ ထို့အပြင် မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) ၏ ကိုလီဖောင်းစုစုပေါင်းတန်ဖိုးသည် ဧပြီလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ၊ ဧပြီလ ၂၀၂၄ တို့၏ ရလဒ်များသာလျှင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) ၏ ကိုလီဖောင်းစုစုပေါင်းတန်ဖိုးသည် ခြောက်သွေ့သောရာသီ (ဖေဖော်ဝါရီလ နှင့် ဧပရယ်လ) တွင် မြင့်မားနေသည်ကို သိသိသာသာတွေ့မြင်ရ ပါသည်။

အခြားတစ်ဖက်တွင် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ဆိုင်းကြွအနည်ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဆိုင်းကြွအနည်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ ဆိုင်းကြွအနည်ရလဒ်သည် ဇွန်လ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဧပြီလ ၂၀၂၄ ၏ ရလဒ်မှလွဲ၍ စစ်တမ်းကောက်ယူထားသော ကျန်လများတွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပြီး၊ ၇၀ မှ ၉၀ mg/l ထိတန်ဖိုးအပိုင်းအခြား အတွင်းရှိနေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ ဆိုင်းကြွအနည်ရလဒ်သည် ဧပြီလ ၂၀၂၃ ၏ ရလဒ်မှလွဲ၍ စစ်တမ်းကောက်ယူထားသော ကျန်လများတွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပြီး၊ ၁၀၂ မှ ၅၂၈ mg/l ထိတန်ဖိုးအပိုင်းအခြားထိ အသီးသီးရှိကြပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင်ရှိသော ဆိုင်းကြွအနည်ရလဒ်များသည် သုံးရာသီ တလျှောက်လုံးတွင် ပတ်ဝန်းကျင်မှရေများ စီးဆင်းမှုကြောင့် ရလဒ်များ မြင့်တက်နေရခြင်းဖြစ်သည်။ သီသာထင်ရှားစွာဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ရှိ ကိုလီဖောင်းစုစုပေါင်းရလဒ်များ၏ စောင့်ကြည့်လေ့လာမှုစစ်တမ်း ကာလအားလုံးသည် ၁၇၀၀ မှ >၁၆၀၀၀၀ MPN/100ml အပိုင်းအခြားအတွင်းနှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ကိုလီဖောင်းစုစုပေါင်းရလဒ်များ၏ စောင့်ကြည့်လေ့လာမှုစစ်တမ်း ကာလအားလုံးသည် ၄၆၀၀ မှ >၁၆၀၀၀၀ MPN/100ml အပိုင်းအခြားအတွင်း ကန့်သတ်တန်ဖိုးထက် မြင့်မားနေကြောင်း တွေ့ရှိရသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင်ရှိသော ပျော်ဝင်အနည်စုစုပေါင်း ရလဒ်များသည် ဧပြီလ ၂၀၂၃ နှင့် ဧပြီလ ၂၀၂၄ တို့တွင် စောင့်ကြည့်လေ့လာမှုနှစ်ခုတည်းသာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင်ရှိသော ပျော်ဝင်အနည်စုစုပေါင်း ရလဒ်များသည် ခြောက်သွေ့သောရာသီတွင် သီသာထင်ရှားစွာ မြင့်တက်နေရခြင်းမှာ မြင့်မားသော အပူချိန်တွင် အိုင်းယွန်းများ ပိုမိုပျော်ဝင်နိုင်မှုကြောင့် ဖြစ်နိုင်ပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင်ရှိသော သံဓာတ်ရလဒ်များသည်လည်း စောင့်ကြည့်လေ့လာမှု ကာလ လေးကြိမ်မှ ခြောက်ကြိမ်ထိတိုင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ သံဓာတ်တန်ဖိုးသည် စောင့်ကြည့်လေ့လာနေသော ကာလ(၄)လ (ဇွန်လ၊ သြဂုတ်လ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဧပြီလ ၂၀၂၄) တွင် မြင့်မားနေပြီး၊ သံဓာတ်တန်ဖိုး အပိုင်းအခြားသည် ၄.၀၆ မှ ၈.၃၄၆ mg/l အတွင်းရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ သံဓာတ်တန်ဖိုးသည် စောင့်ကြည့်လေ့လာနေသော ကာလ(၆)လ (ဇွန်လ၊ သြဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃ နှင့် ဖေဖော်ဝါရီလ၊ ဧပြီလ ၂၀၂၄) တွင် မြင့်မားနေပြီး၊ သံဓာတ်တန်ဖိုး အပိုင်းအခြားသည် ၆.၈၈ မှ ၂၄.၀၀၀ mg/l အတွင်းရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့၏ သံဓာတ်တန်ဖိုးမြင့်မားမှုသည် သုံးရာသီ တလျှောက်လုံးတွင် ပိုများနေကြောင်း တွေ့ရှိရသည်။ ယခုလက်ရှိ ရေအရည်အသွေးများ၏ ရလဒ်များအခြေအနေသည် သီလဝါအထူးစီးပွါးရေးဇုန် ယခင်နှင့်ယခုလက်ရှိကာလ လည်ပတ်မှု၏ ပတ်ဝန်းကျင်အခြေနေများကို ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

ရည်မှန်းတန်ဖိုးထက်ကျော်လွန်နေသည့် သက်ဆိုင်ရာရေအရည်အသွေးအမျိုးအစားများအတွက် ဖြစ်နိုင်သော အကြောင်းပြချက်များအား ဤ အစီရင်ခံစာ၏ အရှေ့ပိုင်းရှင်းလင်းချက်တွင် ဖော်ပြထားပါသည်။

# အခန်း ၃ နိဂုံးချုပ် နှင့် အကြံပြုချက်များ

အခန်း ၂ အပိုင်း ၂.၅ တွင် ဖော်ပြထားသကဲ့သို့ သီလအထူးစီပွားရေးဇုန်အပိုင်း (က) လုပ်ငန်းလည်ပတ်နေစဉ် ကာလစောင့်ကြည့်လေ့လာသောအချိန်အတွင်း မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) တွင် ချဉ်ဖန်ကိန်း၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) တို့တွင် ဆိုင်းကြွအနယ်များ၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) တို့တွင် ကိုလီဖောင်းစုစုပေါင်း၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင် ပျော်ဝင်အနည်စုစုပေါင်း နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၅ (SW-5) တို့တွင် သံဓာတ် စသည်တို့သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသကဲ့သို့ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1)၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်သည်လည်း ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။

ရည်မှန်းတန်ဖိုးများနှင့် နှိုင်းယှဉ်ရာတွင် သီလအထူးစီပွားရေးဇုန်အပိုင်း (က) ၏ အဓိကစွန့်ထုတ်ရေဖြစ်သော ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) တွင် ချဉ်ဖန်ကိန်း ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၁ (SW-1) ရှိ ချဉ်ဖန်ကိန်း ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ရေထိန်းကန်အတွင်း အချိန်ကြာမြင့်စွာ ရေများစီးဆင်းလည်ပတ်မှုမရှိခြင်း နှင့် နွေရာသီတွင် နေရောင်ခြည် များပြားစွာကျရောက်ပြီး ရေကိုပိုမိုပူနွေးစေသောကြောင့် ရေညှိများ ပိုမိုများပြားလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့နည်းမှုဖြစ်ပွားပြီး ချဉ်ဖန်ကိန်း ရလဒ်အဆင့်ကို မြင့်မားစေပါသည်။ ထို့အပြင် ရေထဲတွင် အများဆုံးတွေ့ရသော ဘိုင်ကာဗွန်နိတ်နှင့် ကာဗွန်နိတ်တို့သည် အနုတ်လက္ခဏာဆောင်သော အမအိုင်းယွန်း (anion) များဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဟိုက်ဒရိုက်ဆိုင်းယွန်းနှင့် အမအိုင်းယွန်းတို့၏ အပြန်အလှန် ဓာတုဓာတ်ပြုမှုများသည် အယ်ကာလီ ဓာတ်ကြားခံကို ဖြစ်ပေါ်စေပြီး ချဉ်ဖန်ကိန်းတန်ဖိုးကို တိုးမြင့်စေနိုင်ပါသည်။ ယခုလက်ရှိအခြေအနေတွင် ရေနေသတ္တဝါများ အသက်ရှင်နေသေးသောကြောင့် ချဉ်ဖန်ကိန်းရလဒ်အဆင့် မြင့်မားမှုသည် ရေထိန်းကန်တွင်ရှိသော ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်သေးကြောင်း သတ်မှတ်နိုင်ပါသည်။

ရည်မှန်းတန်ဖိုးများဖြင့် နှိုင်းယှဉ်ရာတွင် ဆိုင်းကြွအနယ် ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသော နေရာများဖြစ်သည့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) တွင် ချောင်းအတွင်းသို့ မစွန့်ထုတ်ခင်ရလဒ်များမှာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ဇုန်အပိုင်း(က)ရှိ မြေလွတ်များမှ မြေမျက်နှာပြင် စီးဆင်းရေများကြောင့် ဖြစ်နိုင်ပါသည်။ ဗဟိုစွန့်ထုတ်ရေ သန့်စင်စက်ရုံ၏ ထွက်ပေါက် မြေပေါ်ရေ နမူနာယူသည့် နေရာ-၆ (SW-6) မှရလဒ်သည် ကန့်သတ် တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် စက်ရုံတစ်ရုံချင်းစီမှ စွန့်ထုတ်ရေများအား ပင်မစွန့်ထုတ်ရေ သန့်စင်စက်ရုံမှ ကောင်းမွန်စွာ သန့်စင်ထားသည်ဟု ဆိုလိုနိုင်ပါသည်။

ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့် နေရာ-၅ (SW-5) တွင် ကိုလီဖောင်းစုစုပေါင်း၏ ရလဒ်များမှာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်မှရေများ စီးဆင်းမှုကြောင့် အညစ်အကြေးများသည် ရေထိန်းကန် နှင့် ရေထိန်းတူးမြောင်းထဲသို့ စီးဝင်သောကြောင့် ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည်



Myanmar Japan Thilawa Development Limited
MJTD

ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E Coli)၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို သိရှိနိုင်ရန်ခွဲခြမ်းစိတ်ဖြာမှု ဆောင်ရွက်သောအခါ ရလဒ်များအားလုံးသည် ကန့်သတ်တန်ဖိုးအောက် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့်နေရာ-၁ (SW-1) နှင့် ရေထိန်းတူးမြောင်း မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ရှိ စောင့်ကြည့်လေ့လာသော နေရာများတွင် ကိုလီဖောင်းစုစုပေါင်းသည် ကန့်သတ်တန်ဖိုးထက်များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

သံဓာတ် ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသော နေရာများဖြစ်သည့် ရေထိန်းတူးမြောင်း မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) တွင် ရလဒ်များမှာ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်ချေ အလားအလာရှိသည့် အကြောင်းအရင်းမှာ သဘာဝ သံဓာတ် အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။ ဂျပန်နိုင်ငံ လူနေမှုပတ်ဝန်းကျင်စံနှုန်းတန်ဖိုးများတွင် (၁) ကျန်းမာရေး (၂) လူနေမှုပတ်ဝန်းကျင်ဟူ၍ အမျိုးအစားနှစ်ခု သတ်မှတ်ထားပါသည်။ ကျန်းမာရေးအမျိုးအစားတွင် သံဓာတ်အတွက် စံတန်ဖိုးသတ်မှတ်ထားခြင်းမတွေ့ရှိရပါ။ သို့သော် ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖော်ပြထားသော ဂျပန်နိုင်ငံ၏ ထုတ်လွှတ်အရည်စံနှုန်း သတ်မှတ်ချက်တွင် လူနေမှုပတ်ဝန်းကျင်အတွက်မူ ပျော်ဝင်နိုင်သောသံဓာတ် စံတန်ဖိုးအား ၁၀ မီလီဂရမ်/လီတာ ဟူ၍သတ်မှတ်ထားသည်။ ဂျပန်နိုင်ငံ၏ လူနေမှုပတ်ဝန်းကျင်အတွက် သံဓာတ်စံတန်ဖိုးနှင့် နှိုင်းယှဉ်ရာတွင် ရေထိန်းတူးမြောင်း မြေပေါ်ရေနမူနာယူသည့်နေရာ-၅ (SW-5) ရှိ သံဓာတ်တန်ဖိုးသည် ကန့်သတ်တန်ဖိုးအတွင်း ရှိနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် လူနေမှုပတ်ဝန်းကျင်တွင် သိသာထင်ရှားသော ထိခိုက်မှုမရှိကြောင်း သတ်မှတ်နိုင်ပါသည်။

စောင့်ကြည့်လေ့လာသည့်ရည်ညွှန်းအမှတ်များရှိ မြေပေါ်ရေ နမူနာယူသည့်နေရာ တို့တွင် ဆိုင်းကြွအနယ်၊ ပျော်ဝင်အနည်စုစုပေါင်း၊ ကိုလီဖောင်း စုစုပေါင်း နှင့် သံဓာတ် တို့၏ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင် ဆိုင်းကြွအနယ် နှင့် ပျော်ဝင်အနည်စုစုပေါင်း တို့၏ ရလဒ်များသည် ကန့်သတ်တန်ဖိုးများထက် ကျော်လွန်ရခြင်းမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သော ရေများကြောင့်လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့တွင် ကိုလီဖောင်းစုစုပေါင်း၏ ရလဒ်များသည် ကန့်သတ်တန်ဖိုးများထက် ကျော်လွန်ရခြင်းမှာ (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်းနှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ (၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်းတလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သော အညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

Myanmar Japan Thilawa Development Limited
MJTD

မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် သံဓာတ် ၏ ရလဒ်သည် ကန့်သတ်တန်ဖိုးများထက် ကျော်လွန်ရခြင်းမှာ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပြီး (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများသို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

မြေအောက်ရေ၏ ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။ ဘက်တီးရီးယားနှင့် အခြားအန္တရာယ်ရှိသော သက်ရှိသတ္တဝါများကို မြင့်တက်စေနိုင်သည့် ရေတွင်း၏ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ရေတွင်း၏ အနက်မှာ ၆၀ မီတာ ၀န်းကျင်ရှိကြောင်း မိုးကြိုးစွမ်းဘုန်းကြီးကျောင်း၏ သတင်းအချက်အလက်များအရ သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် JICAမှ ထုတ်ပြန်ခဲ့သည့် "သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဧရိယာများအတွက် အလားအလာရှိသော ရေအရင်းအမြစ်များအချက်အလက်ကောက်ယူမှုစစ်တမ်း" အစီရင်ခံစာကိုးကားချက်အရ မြေအောက်ရေနမူနာယူသည့် နေရာ-၁ (GW-1) မှ ထုတ်ယူရရှိသည့် မြေအောက်ရေသည် ရန်ကုန်မြစ်မှ ဆားငန်ရေဝင်ရောက်မှု ရှိနေသော ဒုတိယရေအောင်းလွှာမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဤရေအောင်းလွှာသည် မြေမျက်နှာပြင်နှင့် နီးကပ်စွာတည်ရှိပြီး မာကြောကျစ်လစ်မှုမရှိသော မြေသားအလွှာဖြင့် ဖုံးအုပ်ထားသည်။ ရလဒ်အားဖြင့် ဤရေအောင်းလွှာအတွင်းရှိ မြေအောက်ရေသည် ဆားငန်ရေဝင်ရောက်မှုသာမက အပေါ်ဖုံးအုပ်မြေလွှာမှ ဖြတ်သန်းလာသော ညစ်ညမ်းသည့် စိမ့်ဝင်မှုများကြောင့် ညစ်ညမ်းသွားနိုင်သည်။ ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli) ရလဒ်သည် ကန့်သတ်တန်ဖိုးအတွင်းရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေအောက်ရေနမူနာယူသည့်နေရာ-၁ (GW-1) ၏ စောင့်ကြည့်လေ့လာသောနေရာတွင် ကိုလီဖောင်းစုစုပေါင်းသည် ကန့်သတ်တန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

အနာဂတ်တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ၏ အဓိကစွန့်ထုတ်ရေထွက်ရှိသောနေရာများမှ ထွက်ရှိလာသော ရေအရည်အသွေးများဖြစ်သည့် ချဉ်ဖန်ကိန်း၊ ကိုလီဖောင်းစုစုပေါင်း၊ သံဓာတ် တို့၏ ရည်မှန်းတန်ဖိုးနှင့် သင့်လျော်သော ရေအရည်အသွေး စောင့်ကြည့်လေ့လာမှု ရရှိနိုင်ရန် အောက်ပါဆောင်ရွက်ချက်များကို လုပ်ဆောင်သင့်ပါသည်။


- သန့်ရှင်းမှုရှိစေရန် ရေထိန်းကန်အတွင်း တည်ရှိနေသော ရေညှိများ နှင့် အပင်များ ပေါက်ရောက်ခြင်အား ပုံမှန်ဖယ်ရှားရှင်းလင်းပေးရန်။
- ကိုလီဖောင်းဘက်တီးရီးယားများ၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို သိရှိနိုင်ရန် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. Coli) ကို ဆက်လက်စောင့်ကြည့်ရန်။

ဤတွင်စာတမ်းပြီးဆုံးပါသည်။

နောက်ဆက်တွဲ ၁ ရေနုမူနာရယူသည့် မှတ်တမ်းမောတ်ပုံများ

Myanmar Japan Thilawa Development Limited
MJTD

## သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ရှိ စွန့်ထုတ်ရေနမူနာရယူသည့်နေရာများ



မြေပေါ်ရေ နမူနာယူသည့်နေရာ-၁ (SW-1) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း




မြေပေါ်ရေ နမူနာယူသည့်နေရာ-၅ (SW-5) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း




မြေပေါ်ရေ နမူနာယူသည့်နေရာ-၆ (SW-6) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း

## စွန့်ထုတ်ရေထွက်ရှိသောနေရာများနှင့်စွန့်ထုတ်ရေရောက်ရှိနိုင်သည့်ချောင်း၏အခြေခံအချက်အလက်များကို နှိုင်းယှဉ်ရန်အတွက် ရည်ညွှန်းစောင့်ကြည့်လေ့လာသည့် နေရာများ



မြေပေါ်ရေ နမူနာယူသည့်နေရာ-၂ (SW-2) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း



